www.free4reader.com



www.free4reader.com

# အောင်ဘာလေထီထိုးဖို့ ဂဏန်းရွေးကြစို့

ဆရာထိန်လင်းအောင်
ဇောတိဝေဒပညာရှင်
ဒေဝစက္ခုမနောအသိအကြားအမြင်ပညာရှင်
အမှတ်(၁၁၃)၊အပေါ်ဆုံးထပ်(ဝဲ)၊ဒုဂုလမ်းနှင့်အနော်ရထာလမ်းထောင့်၊
ရန်ကုန်မြို့။ ဖုန်း ၀၉ ၈၆၁ ၉၄၇၆

### တနင်္ဂနွေသားသမီး

တနင်္ဂနွေနေ့မှာ
စ၊ဆ၊ဇ အက္ခရာနှင့်
၄၊၅၊၀ ပါသောဂဏန်းများဖြင့်
ကံစမ်းပေးထားကြပါ။




### တနင်္လာသားသမီး

တနင်္လာနေ့မှာ
ပ၊ဓ၊န အက္ခရာနှင့်
၇၊၆၊၂ ပါသောဂဏန်းများဖြင့်
ကံစမ်းပေးထားကြပါ။




### အင်္ဂါသားသမီး

အင်္ဂါနေ့မှာ
က၊ခ၊ဂ အက္ခရာနှင့်
၃၊၅၊၈ ပါသောဂဏန်းများဖြင့်
ကံစမ်းပေးထားကြပါ။




### ဗုဒ္ဓဟူးသားသမီး

ဗုဒ္ဓဟူးနေ့မှာ
လ၊ရ၊ဝ အက္ခရာနှင့်
၂၊၉၊၀ ပါသောဂဏန်းများဖြင့်
ကံစမ်းပေးထားကြပါ။




### ကြာသပတေးသားသမီး

ကြာသပတေးနေ့မှာ
င၊စ၊ဇ အက္ခရာနှင့်
၁၊၂၊၅ ပါသောဂဏန်းများဖြင့်
ကံစမ်းပေးထားကြပါ။




### သောကြာသားသမီး

သောကြာနေ့မှာ
ဈ၊မ၊ပ အက္ခရာနှင့်
၄၊၃၊၆ ပါသောဂဏန်းများဖြင့်
ကံစမ်းပေးထားကြပါ။



### စနေသားသမီး

စနေနေ့မှာ
ရ၊ယ၊ဝ အက္ခရာနှင့်
၂၊၄၊၉ ပါသောဂဏန်းများဖြင့်
ကံစမ်းပေးထားကြပါ။






# သားကောင်းသမီးဖြတ် ကျေးရူးဆပ်

## (သစ္စာတရားတော်)

ယခင်လစာစ်ဆက်မှအဆက်. .

ဒီတော့ ဘုန်းကြီးနှင့်တကွ ဒကာ၊ ဒကာမတွေမှာ သေရမှာလား၊ မသေရမှာလား။ အဲဒီတော့ တကယ်လို့ သေခြင်းတရားနဲ့ရင်ဆိုင်ရင် ဘုန်းကြီးတို့ ကဲ၊ ခုန သတိပေးတဲ့အတိုင်းပဲ ကိုယ့်ကိုယ်ကိုယ် အထုပ်ပါဖို့ အရေးကြီးတယ်နော်။ အထုပ်ပါဖို့ အရေးကြီးတယ်ဆိုတာ ဒီနေရာမှာ အဓိကဘုန်းကြီးခြိုးခြံပြီး ပြောချင်တာက တရားကမဟောလို့ မဆုံးနိုင်ဘူးနော်။ အဓိကခြိုးခြံပြီးပြောချင်တဲ့အခါကျတော့ ဒါနမှု၊ သီလမှု၊ ဘာဝနာမှုဆိုတဲ့ အထုပ်တွေကို မထုပ်ရမှာလား၊ ထုပ်ရမှာလား၊ ထုပ်ရမယ်. . နော်။ အကယ်လို့သာ မထုပ်မိလို့ရှိရင် အထူးသဖြင့် ဘာဝနာပေါ့ဗျာ. . နော်။ ဘာဝနာကုသိုလ်တွေသာ မလုပ်မိဘူးဆိုလို့ရှိရင် အန္တရာယ်တစ်ခု ကြောက်စရာကောင်းပါတယ်. . နော်။

ဒီတော့ ဘုန်းကြီးက တရားကိုခြုံပြီးတော့ လိုရင်းလေးကိုပြောချင်ပါတယ်။ ဒကာ၊ ဒကာမတွေကလည်း တရားနာတဲ့အခါမှာ ညောင်းတာ၊ ကျဉ်တာ၊ ကိုက်တာ၊ ခဲတာနဲ့ အချိန်ကြာသွားရင်လည်း စိတ်ကတစ်မျိုးဖြစ်မယ်နော်။ အဲတော့ လိုရင်းတိုရှင်းနဲ့ အဓိကအားဖြင့် ခမ္မဒါနကုသိုလ်တွေလည်းဖြစ်၊ မိမိတို့မှာလည်း သတိသံဝေဂတွေ ညဏ်ပွားပြီးတော့ ဒေအး. . ငါတို့တော့ အသေမဦးခင် ညဏ်ဦးမှဖြစ်မယ်ဆိုတဲ့ အဲဒီလိုမျိုးလေးနဲ့လုပ်မယ်ဆို ဒီနေ့တရားပွဲတွေ ဒကာ၊ ဒကာမတွေ အမြတ်မထွက်ဘူးလား။ အဲဒီ သံဝေဂရတဲ့ကုသိုလ်တွေနဲ့ အမြတ်ထွက်တဲ့ ကုသိုလ်တွေနဲ့ မိမိတို့မှာရပြီးမှတော့ ပြော်. . မိခင်ကြီးဒေါ် ရွှေခင် သာသနာ့မိခင်ကြီးမျှဝေတဲ့ ဒီကနေ့ကုသိုလ်ပွဲကြီးဟာ ဒါ အကြီးမားဆုံး ကျေးဇူးဆပ်တဲ့ပွဲကြီးလို့ ခေါ်ပါတယ်နော်။ အေး အဲဒါကြောင့် ဘုန်းကြီး ပြောချင်တာက ကဲ. . အခု ဘုန်းကြီးနဲ့တကွ ဒကာ၊ ဒကာမတွေ အခု ဒကာမကြီး၊ ဟုတ်လား ရဟန်းမယ်တော်ကြီးသေဆုံးသွားသလို မိမိတို့လည်းပဲ မသေရမှာလား၊ သေရမှာလား။ ဟုတ်ပြီ ဒီတော့ တရားကိုခြုံပြီး ဘုန်းကြီးဖြတ်ပြီးတော့ ပြောချင်ပါတယ်။ အဲဒီလိုသေပြီဆိုတဲ့အခါကျတော့ သက်သက်သာသာ ပြုံးပြုံး ရွှင်ရွှင်နဲ့ သေရတဲ့ပုဂ္ဂိုလ်တစ်ယောက်မှ မရှိဘူးနော်။ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေအားလုံး ပညာတတ်တွေနားလည်ပါတယ် ဟုတ်လား။ ဘုန်းကြီး နည်းနည်းလောက်ပြောလိုက်ရင် သဘောပေါက်ပြီးသားပါ ဟုတ်လား။

ခု ဒကာမကြီး ဒေါ်ရွှေစင်ဟာ ရောဂါဝေဒနာတွေ နှိပ်စက်ပြီးတော့မှ ဆေးရုံကိုတက်ရ၊ ကုရ၊ သရတဲ့မလုပ်ဘူးလား။ နောက်ဆုံးတော့ရင်ဖြင့် ကုသလို့မရနိုင်သည့်အတွက်ကြောင့်မို့လို့ နောက်ဆုံးအသက်ထွက်ရတာပေါ့ဗျာ၊ ဟုတ်လား။ သေတာ မဟုတ်ဘူးလား။

ဆက်လက်ဖော်ပြပါမည်။

www.free4reader.com


# သတင်းအစုံအလင်မှာ . . .

ဂါဂါဂူး စပ်စုသည်



မတ်လ ၅ရက်နေ့ကကျင်းပခဲ့တဲ့ ထိုင်းအကယ်ဒမီ (သုဘန္နဟုမ်ဆ)ဆုပေးပွဲ အခမ်းအနားမှာ ဂါဂါဂူးတို့ လေ့လာစရာတွေအများကြီးရှိနေတယ်ဆိုတာ စိုင်းစိုင်း ခမ်းလှိုင်တို့၊ ဝတ်မှုံရွှေရည်တို့ကြောင့် သိခဲ့ရပါတယ်ရှင်။ ဆိုလိုချင်တာကတော့ ရှင်၊ ထိုင်းအကယ်ဒမီပေးပွဲအကြောင်း စိုင်းစိုင်းတို့၊ မှုံမှုံတို့က မြန်မာချစ်ပရိသတ် ကြီးကို သူတို့လေ့လာတွေ့ရှိသမျှပြောပြလို့ သိရတယ်လို့ဆိုလိုတာမဟုတ်ပါဘူး။ မြန်မာသရုပ်ဆောင်များဆီက အဲ့လိုပြည့်ပြည့်စုံစုံပြောပြလို့ သိရတာမျိုး တစ်ခါမှ









# ထိုင်းအကယ်ဒမီ သုဘန္နဟုမ်ဆဆုပေးပွဲ ရောက်ခဲ့ကြသူများ

မကြုံဖူးပါဘူးပေါ့နော်။ ဟိုးတစ်ခေတ်က မင်းသားကြီးကျော်ဟိန်းလို စစ်စစ်ပေါက် ပေါက်ပြောပြတတ်သူမျိုး ဒီကနေ့ မြန်မာသရုပ်ဆောင်လောကမှာ မရှိတော့လို့ပါ။ အဲ. . ဒီခေတ်ဒါရိုက်တာတွေထဲမှာတော့ ဦးမျိုးခေါ် ရင်တွင်းဖြစ်ကြီးပဲ လိပ်ပတ် လည်အောင် ပြောတတ်သူရှိပါတော့တယ်လို့ ပြောရင် ဂါဂါဂူးကိုစိတ်ဆိုးကြဦးမလား မသိဘူးပေါ့နော်။ ထားလိုက်ပါတော့လေ။

ဒါပေမယ့် စိုင်းစိုင်းတို့၊ မှုံမှုံတို့ သွားခဲ့ကြလို့လည်း စိတ်ဝင်တစားနဲ့လေ့လာမိသွား ရတာပေါ့။ အဲ့လိုပြောတာပါပေါ့နော်။

တကယ်တော့ ထိုင်းအကယ်ဒမီမှာ နိုင်ငံခြားနဲ့ဖက်စပ်ရိုက်ကူးတဲ့ ထိုင်းဇာတ် ကားတွေအတွက် ထူးချွန်ဆုကို ၁၉၈၄ ကတည်းက စတင်ပေးခဲ့တာပါ။ ဒီလိုပေး ချီးမြှင့်တာ အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ ဖိလစ်ပိုင်ပြီးရင် ထိုင်းနိုင်ငံပါပဲ။

ပြီးတော့ လွန်ခဲ့တဲ့ ၃နှစ်ကစပြီး သူတို့ဆီမှာ အကယ်ဒမီရွေးချယ်ရေးအဖွဲ့က ဆုရွေးပြီးပေးတာကို အားမကိုးတော့ပါဘူး။ ရုပ်ရှင်ကြည့်ပြည်သူက 'ဆန္ဒမဲ'အဖြစ် ပေးတဲ့ အွန်လိုင်းကမဲအရေအတွက်ကိုပါ အဓိကထားလာတာတွေ့ရပါတယ်ရှင်၊ အလွန်နှိုက်မှုတတဲ့အစီအစဉ်ပါ။ သူတို့ရဲ့ဆုရွေးချယ်ရေးအတွက်တော့ နိုင်ငံခြားသား ပညာရှင်ကို ထည့်သွင်းဆုံးဖြတ်နိုင်းဖို့ အားမကိုးပါဘူး။

ဒါတင်မကဘူး၊ ရိုက်ကူးထုတ်လုပ်ရေးမှာလည်း 'studio film' နဲ့ 'non-stidio film' ဆိုပြီး ခွဲခြားထားတာပါ။ ထုတ်လုပ်ရေးနှစ်မျိုးလုံးကို ဆုပေးပါတယ်။ ဒီနှစ်အတွက် ဆုပေးတဲ့ဇာတ်ကားတွေထဲမှာ ၁၉၇၆ ခုနှစ်၊ အောက်တိုဘာ ၆ရက်နေ့၊ ထိုင်းမှာ ဆန္ဒပြပွဲတစ်ခုကို ရိုက်ကူးထားတဲ့ 'အမှောင်လွှမ်းချိန်ရောက်တာနဲ့ ဆိုတဲ့ဇာတ်ကား နဲ့ အမျိုးသမီးဒါရိုက်တာ 'အနုချာဆူပစ်ခါပေါင်'က အကောင်းဆုံးဒါရိုက်တာဆုရခဲ့ ပါတယ်။ ဒီရုပ်ရှင်က ဝက်ဝက်ကွဲအောင်မြင်တဲ့ဇာတ်ကားမဟုတ်တဲ့အပြင် ရုပ်ရှင် ရုံကြီးတွေမှာတောင် မတင်ခဲ့တဲ့ ရုပ်ရှင်ပါ။



အကောင်းဆုံးသရုပ်ဆောင်မင်းသမီး "နစ်သာကျိရာယွန်" နဲ့ အကောင်းဆုံးသရုပ်ဆောင်မင်းသား "ချန်သဖစ်သာနာစီဝီ" (အလယ်နှစ်ယောက်)တို့ကိုအခြားဆုရသူများနဲ့အတူ...။

'ကြည်နူးစရာနေ့'ဆိုတဲ့ အချစ်ဟာသဇာတ်ကားနဲ့ အကောင်းဆုံးသရုပ်ဆောင်မင်းသား 'ချန်သဖစ်သာ နာစီဝီ'၊ အကောင်းဆုံးသရုပ်ဆောင်မင်းသမီး 'နစ်သာကျိရာယွန်'က ရသွားပါတယ်။

နောက်ရုပ်ရှင်တစ်ကားကတော့ 'အက်ရှင်ဇာတ်'နဲ့ရတာပါ။ 'ယာလာ'ပြည်နယ်က ဓားပြတစ်ယောက်နဲ့ ရဲတစ်ယောက်တို့ အချင်းချင်း အောက်လမ်းနည်းနဲ့ အကောက်ကြံတဲ့ဇာတ်လမ်းပါ။ ဇာတ်ကားနာမည်က 'ခွန်ပွန်'ပါ။ 'ခွန်ပွန်'ဇာတ်လမ်းထဲက ဓားပြလုပ်ရတဲ့ 'ဒရစ်စ်ဒါးဆူကိုဆိုလ်'က ဇာတ်ပို့ဆုအပြင်၊ အဲ့ဇာတ်ကားနဲ့ ပဲ အသံဆု၊ မိတ်ကပ်ဆု၊ ဝတ်စားဆင်ယင်ဆုတွေ သိမ်းကျုံးယူသွားကြပါတယ်။ ဇာတ်ပို့မင်းသမီးဆုကိုတော့ ဓာတ်ဆီဆိုင်တစ်ဆိုင်မှာ အလုပ်လုပ်နေတဲ့ အိမ်ရှင်မတစ်ယောက်ရဲ့ အိပ်လွှမ်းဝေဒနာကို ပီပြင်အောင်သရုပ် ဆောင်သွားတဲ့ ပန်ပွတ်ဆိပိုကွလ်က ရခဲ့ပါတယ်ရှင်။

ပြောမယ်ဆိုရင်တော့ အများကြီးရှိပါတယ်။ လိုရင်းကိုပြောခွင့်ပြုပါရှင်။

မြန်မာရုပ်ရှင်ထုတ်လုပ်ရေးတွေအနေနဲ့ နိုင်ငံခြားရုပ်ရှင်ထုတ်လုပ်ရေးတွေနဲ့ပေါင်းစည်းလုပ်ကိုင်ကြတဲ့အခါ မှာ သူတို့ဆီက အကယ်ဒမီမင်းသား၊ မင်းသမီးတွေ ထိပ်တန်းထုတ်လုပ်ရေးတွေနဲ့ ဘက်ညီတန်းညီပူးပေါင်း လုပ်ကိုင်ခြင်းဖြင့် မြန်မာရုပ်ရှင်ဂုဏ်ကျက်သရေကို မြှင့်တင်ပေးနိုင်ကြပါစေလို့ ဆန္ဒပြုလိုတာပါပဲရှင်■

ဒုတိယမြောက်ရင်သွေးလေးကို သရုပ်ဆောင်သက်မွန်မြင့်က မိခင်နို့ရည်တိုက်ကျွေးပြီး ပျိုးထောင်တဲ့သူတစ်ဦးဖြစ်ပါတယ်။ သရုပ်ဆောင်မင်းသမီးတစ်ယောက်အနေနဲ့တော့ ထူးခြားရှားပါးတဲ့ မိခင်တစ်ယောက်လို့ ခေါ်နိုင်ပါတယ်ပေါ့နော်။

အဲ. . မေမေသက်မွန်မြင့်က ဒီရက်ထဲ 'ခါးကသေလောက်အောင်နာနေတယ်'လို့ ဝေဒနာရှိနေတဲ့ကြားက အကယ်ဒမီပွဲကို ပထမတော့ မတက်ဘူးဆိုတဲ့ကြားက အခုတော့ အကယ်ဒမီတက်မယ်လို့ အသိပေးလာပါတယ်။

# ခါးနာပေမယ့် အကယ်ဒမီတက်ဖြစ်အောင် တက်မယ်ဆိုတော့ မေမေသက်မွန်မြင့် သေချာပြီပေါ့







အကယ်ဒမီပွဲအတွက် လိုက်မယ့်လက်ကိုင်အိတ်က ဗီရိုပ်အသည်းပုံ 'စိန်လက်ကိုင်အိတ်'ဖြစ်ပြီး စိန်ပန်းပွားလေးတွေကို တွဲလောင်းချအလှဆင်ဟန်နဲ့ဆိုတော့. .၊

ဒီလောက်သေသေချာချာသိရပြီဆိုမှတော့။

မဟုတ်မှလွဲရောပေါ့နော်■

# အကယ်ဒမီပွဲခင်းထဲမှာ ရဲတိုက်ကို မြင်ချင်တယ်



ဒီနှစ် ဖေဖော်ဝါရီ ၁ရက်နေ့ က လွတ်ငြိမ်းချမ်းသာခွင့်နဲ့ပြန် လွတ်လာပြီဖြစ်တဲ့ သရုပ်ဆောင်ရဲတိုက်ကို မရှိသတ်တွေပြန်လည် အသိအမှတ်ပြုမယ့် အခါအခွင့်နဲ့တိုက်ဆိုင်နေတဲ့ ဒီနှစ်အကယ်ဒမီရင်ပြင်ပွဲခင်းကာတစ်ဆင့် အသစ်တစ်ဖန်ပြန်မြင်ရရင်ဖြင့် မြင်ချင်ပါရဲ့စေလို့ ပြောလိုပါတယ်။

'ဆာတိုရီ'နဲ့စတင်ခဲ့တဲ့ ရဲတိုက်ကတော့ 'ဆာတိုရီ'နဲ့ပဲ ဆက်အလုပ်တွေလုပ်မယ်လို့ ပြောထားပါတယ်ရှင်■

# ခိုင်သင်းကြည် မနစ်ကဖြစ်သလို ဦးဒိန်းကို ဒိန်းဒလိန်းနတ်မပူးစေလို့. .



ဦးဒိန်းဒေါင်တို့က တော့ပေါ့နော်။ဘယ်အထိပြက်လုံးတွေကောင်းသလဲဆို ရင် မောင်နဲ့နှမ၊ သားနဲ့အမိ တီဗီရှေ့ထိုင်ပြီး ဦးဒိန်းရဲ့ပြက်လုံးတွေကို ရှုစား ခံစားနေကြချိန်မှာ တစ်ဦးမျက်နှာတစ်ဦး မကြည့်သာအောင် ထက်မြက်ပြောင် မြောက်လွန်းသူဖြစ်ပါတယ်ပေါ့နော်။

အဲ့လို ဦးဒိန်းက ဒီနှစ်အကယ်ဒမီမှာ အောင်သမာဓိရဲ့ဝတ်စားဆင်ယင်မှုစလွယ်ကြီးသိုင်းပြီး ရင်ပြင်ပွဲခင်းထဲ အရောက်လာမှတို့နဲ့ ဝင်းဝင်းလက်ခါမြင်သူအပေါင်းက အခွန်မဆောင်ဘဲ ရွှေတွေဆောင်ယောင်လာသူအဖြစ် မြင်ကြရမှာပေါ့ရှင်။

မနှစ်က 'မခိုင်ရီး'ရဲ့ ရွှေပျောက်ဆုံးမှုကြီးမျိုးကို ဦးဒိန်းကြီးကြုံလိုက်ရရင် (ဖွဟဲ့ မပြောကောင်း-မဆိုကောင်း) ဘယ်လိုဒိန်းဒလိန်းနတ်ပူးမလဲတွေးမိပြီး ဦးဒိန်းအပါအဝင်၊ ရွှေပိဿာချိန်တွေ သယ်ပိုးပြီးရောက်လာကြမယ့် မင်းသမီးအပေါင်းတို့အတွက်ပါ ရင်လေးမိပါရဲ့ရှင်■

www.free4reader.com



ယခင်တစ်ပတ်မှအဆက်. . .

ဗိုလ်ချုပ်ကြီးနေဝင်းသည် သူ၏စိတ်ကူးတွင် ကြိုတင်ပြင်ဆင်တွေးတောထားပြီးဖြစ်သော 'မြန်မာ့နည်းမြန်မာ့ဟန်ဆိုရှယ်လစ်လမ်းစဉ်'တွင် ပါဝင်ရမည့်အခြေခံအချက်များကို နှုတ်မှပြောပြသမျှ ဦးချစ်လှိုင်က လိုက်၍ရေးသားမှတ်ထားရသည်။ သူ၏အပြောအရ စစ်တပ်အုပ်ချုပ်သမျှကာလပတ်လုံးအတွက်အသုံးပြုမည့် တွေးခေါ်မြော်မြင်ထားသည့် ဝါဒအချက်အလက်တိုင်းတွင် အဆင့်လိုက်တိကျစေသည့် အဓိပ္ပာယ်သတ်မှတ်ချက်များဖြင့်ကာ မြန်မာနိုင်ငံကို ၂၆နှစ်လုံးလုံး ထိန်းချုပ်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ နှစ်ကာလကြာရှည်စွာအုပ်ချုပ်နိုင်ရန်အတွက် ဦးနေဝင်းကိုယ်တိုင် တက်ရောက်ဆွေးနွေးသော အစည်းအဝေးမျိုးစုံ၊ တော်လှန်ရေးကောင်စီဝင်များနှင့် နှစ်ရက်တွေ့ဆုံဆွေးနွေးခြင်း၊ ဝါဒလမ်းစဉ်အတွက် အဓိပ္ပာယ်မျိုးစုံသတ်မှတ်ထားသည့် မူကြမ်း၅စုံတို့ကိုအခြေပြု၍ အာဏာသိမ်းပြီး ၂လအတွင်းဖြစ်သည့် ၁၉၆၂ ဧပြီလအကုန်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမူဝါဒများကို အတည်ပြုနိုင်ခဲ့လေသည်။

ဗိုလ်ချုပ်ကြီးနေဝင်းက သူ့အနေဖြင့် မည်သူနှင့်မဆိုလက်တွဲ၍ လိုလိုလားလားအလုပ်လုပ်ချင်ကြောင်း ဦးချစ်လှိုင်ကို ပြောပြခဲ့လေသည်။ သူ၏ မည်သူနှင့်မဆိုလက်တွဲလုပ်ကိုင်လိုသည်ဆိုသည့် အချက်များထဲမှ အဓိကအချက်မှာ သူနှင့်လက်တွဲလိုလျှင် ပြည်သူလူထု၏အလေ့အထနှင့် တွေးခေါ်မြော်မြင်မှုတို့ကို အလုံးစုံထိန်းချုပ်နိုင်ရန်အတွက် သူ့အစိုးရအနေဖြင့် အားထုတ်မည့်ဝါဒလမ်းစဉ်များကို နားလည်လက်ခံရန်လိုအပ်မည်ဆိုသည့် (Orwellian caveat) အယူအဆကို ကြိုတင်အသိပေးထားခြင်းပင်ဖြစ်သည်။

"ငါတို့အနေနဲ့ သူတို့ကိုအသုံးတည့်အောင် စီစဉ်ပေးနိုင်ရင် ငါတို့အပေါ် ကြာရှည်ဆန့်ကျင်မယ့်သူတွေဖြစ်လာမှာမဟုတ်ဘူး"

ထို့အပြင် သူ့အနေဖြင့် ပါလီမန်ဒီမိုကရေစီသဘောတရားများကို မဖြစ်မနေအပြစ်ရှာဝေဖန်ရန်နှင့် ထိုသို့အပြစ်ရှာဝေဖန်မှုကို ဗြိတိန်ပါလီမန်စနစ်အစဦးကာလမှ စတင်ပြုလုပ်ရမည်ဖြစ်ကြောင်းလမ်းညွှန်မှာကြားလေသည်။

ဗိုလ်ချုပ်ကြီးနေဝင်း၏ အာဏာသိမ်းမှု အစောပိုင်းတွင်ပါဝင်ခဲ့ပြီး သူ၏ရဲဘော်ရဲဘက်တစ်ဦးဖြစ်သော ဗိုလ်မှူးချုပ်အောင်ကြီး၏ မှတ်ချက်များအပေါ် သုံးသပ်ပြီး 'မာတင်စမစ်'က "နေဝင်းရဲ့နည်းမှန်လမ်းမှန်မဟုတ်တဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဆိုတာ ပြဿနာရှာတဲ့နေရာမှာ အတော့်ကိုဆွဲဆောင်နိုင်ခဲ့တဲ့လမ်းစဉ်ပါပဲ"ဟုဆိုခဲ့လေသည်။

ဗိုလ်ချုပ်ကြီးနေဝင်း၏ နည်းလမ်းများသည် ကွန်မြူနစ်ဝါဒီများ၊ ခွဲထွက်လိုသော တိုင်းရင်းသားလူမျိုးစုများ အတွက် အာရုံစိုက်စရာဖြစ်ခဲ့ပြီး ပြန်တဲ့ပြန်လာမည့် အနေအထားများအဖြစ်သာပေါ်လာခဲ့သည်။

အခြေအနေတစ်ရပ်အတွက်သာ အဓိကထားပြီး စီစဉ်ခဲ့သည့် သူ၏ဝါဒလမ်းစဉ်သည် ပြဿနာများ၏ ဗဟိုချက်ကဲ့သို့ အလွန်အဲ့ဆောင်မှုရှိလာခြင်းပင်ဖြစ်သည်။

၁၉၆၀ ဩဂုတ်လကတည်းက မန္တလေးရှိမြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် တာဝန်ထမ်းဆောင်နေသော ဦးသန်းရွှေသည် ဗိုလ်ချုပ်ကြီးနေဝင်း၏ တော်လှန်ရေးကောင်စီက အာဏာသိမ်းလိုက်ပြီး လအနည်းငယ်အကြာတွင် ဦးစီးအရာရှိအဖြစ် ရာထူးတက်ကာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ ဒေသများ၏ နယ်လှည့်စိတ်ဓာတ်စစ်ဆင်ရေးတပ်ခွဲကို တာဝန်ယူထမ်းဆောင်နေသည်။

ကြိုတင်စီစဉ်ခဲ့ကြသည့် ၁၉၆၂ ခုနှစ်အာဏာသိမ်းပွဲနောက်ပိုင်းတွင် စစ်တပ်၏ဖွဲ့စည်းပုံနှင့် ခေါင်းဆောင်မှုဆိုင်ရာများတွင် များစွာအပြောင်းအလဲများဖြစ်လာခဲ့လေသည်။ ဦးသန်းရွှေ၏ဆရာတစ်ပါးဖြစ်သော မြောက်ပိုင်း

# ဦးသန်းရွှေ

## မြန်မာ့စစ်အာဏာရှင်၏ အပေါ်ယံကိုခွာခြင်း

မောင်ရင်မောင်



တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စန်းယုသည်လည်း မကြာသောအချိန်မှာပင် ရာထူးတိုးမြှင့်ခဲ့သည်။ စစ်တပ်၏ အာဏာသိမ်းမှုအပေါ် ဦးသန်းရွှေအနေဖြင့် တစ်နည်းမဟုတ်တစ်နည်းဖြင့် မနှစ်သက်သည့်အထောက်အထားတို့ကို မတွေ့ခဲ့ရသလို နောက်ပိုင်းတွင်လည်း သူ၏တာဝန်ထမ်းဆောင်မှုအနေအထားတို့က စစ်တပ်၏နိုင်ငံရေးပိုင်းဆိုင်ရာတို့တွင် ပါဝင်လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်ကြီးနေဝင်းထူထောင်သော ပါတီဆိုသည်မှာ အခြားသောနိုင်ငံရေးပါတီများကဲ့သို့ အခြေခံမူဝါဒများ ကြိုတင်ရေးဆွဲထားခြင်းမရှိသော်လည်း သူ့အနေဖြင့် သူချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများမှာ တရားမျှတမှုရှိကြောင်း ဖော်ထုတ်တတ်သူတစ်ဦးဖြစ်လေသည်။

ဦးနေဝင်းဖြစ်ချင်သော စည်းမျဉ်းစည်းကမ်းများကို အချက်အလက်များအဖြစ် ဖန်တီးရန် ပွေ့ပိုက်၍သယ်လာရသော ဦးချစ်လှိုင်က 'မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ' ၏ တွေးခေါ်မြော်မြင်မှုများအဖြစ် ပါတီထူထောင်ပြီး နောက်ပိုင်းမှသာ ပုံဖော်ခဲ့ခြင်းဖြစ်ပြီး ဦးသန်းရွှေ သိလိုသည့်မေးခွန်းတစ်ခုကိုလည်း ဖြေကြားခဲ့ရသည်။

(ဗိုလ်ချုပ်ကြီးနေဝင်းသည် အာဏာသိမ်းရေးအစီအစဉ်အတွက် ကြိုတင်စီစဉ်မှုများစွာလုပ်ခဲ့သူဖြစ်သော်လည်း အာဏာသိမ်းပြီးနောက် သူကိုင်တွယ်ရမည့်နိုင်ငံတော်အပေါ် အဖွဲ့အစည်းတစ်ရပ်အဖြစ် ဦးဆောင်အုပ်ချုပ်ရန်အတွက်၊ အခြေခံဝါဒလမ်းစဉ်များအတွက် ရည်ရွယ်ချက်များမှာ လုံးဝရှိမနေကြောင်း ပေါ်လွင်စေသည်။ စာရေးသူ)

ဦးသန်းရွှေမေးခဲ့သောမေးခွန်းမှာ "ကျွန်တော်တို့တော့ ပါတီတစ်ရပ်ကို ထူထောင်ပြီးပြီ။ ခင်ဗျားအနေနဲ့ပါတီရဲ့ လမ်းညွှန်သဘောတရားကို ပို့ချရမယ့် အစီအစဉ်တွေမှာ ပါဝင်မှာမဟုတ်လား။ လက်ရှိအခြေအနေအရလည်း ပါတီရဲ့အတွေးအခေါ်တွေကို လမ်းညွှန်မှုခံယူဖို့လည်း ကျွန်တော်တို့လိုအပ်နေတယ်။ အဲဒီအချက်က ကျွန်တော်တို့ရဲ့လမ်းစဉ်က စီးပွားရေးကို ဦးစားပေးရမယ့် အမှန်တရားပဲ။ ဒါပေမယ့် လုပ်ကိုင်ရမယ့်သီအိုရီတွေ ရှိမှလည်း ဖြစ်မယ်။ အဲဒီအတွက် ခင်ဗျားအနေနဲ့စီးပွားရေးနဲ့ပတ်သက်တဲ့ အချက်အလက်တွေပါဝင်ဖို့ ဘယ်လိုပြင်ဆင်ထားသလဲ"ဟု မေးခဲ့ခြင်းဖြစ်သည်။

၁၉၆၃ ခုနှစ်၊ ဇူလိုင် ၁ရက်နေ့တွင် ဦးချစ်လှိုင် ကျောင်းအုပ်ကြီး အဖြစ်လုပ်ကိုင်သော 'ဗဟိုနိုင်ငံရေးသိပ္ပံ' ကို စတင်ဖွင့်လှစ်ခဲ့လေသည်။ တချို့သောပြောကြားချက်တို့အရ ဦးသန်းရွှေသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေမော်လမြိုင်တွင် ရက်သတ္တပတ်တစ်ပတ်ခန့်လာရောက်တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ထိုနှစ်ဒီဇင်ဘာ ၈ရက်နေ့တွင် 'ဗဟိုနိုင်ငံရေးသိပ္ပံ'သို့ ပြောင်းရွှေ့လာခဲ့သည်ဟုဆိုသည်။

ထိုကျောင်းတွင် သူသင်ကြားပို့ချရမည့် 'မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဝါဒသဘောထား'၏ အခြေခံသင်ရိုးကို စိတ်ဓာတ်စစ်ဆင်ရေးဌာနချုပ်မှ ပထမဆုံးရေးဆွဲပြဌာန်းခဲ့သည်။

ပါတီ၏အထွေထွေအတွင်းရေးမှူးနှင့် ပြန်ကြားရေးတာဝန်ခံ(ဝန်ကြီး)လည်းဖြစ်နေသော ဗိုလ်မှူးကြီးစောမြင့်၏ညွှန်ကြားမှုနှင့်အတူ သူ၏အရင်းနှီးဆုံးလုပ်ဖော်ကိုင်ဖက်ဖြစ်သော ဦးချစ်လှိုင်နှင့်ပူးပေါင်း၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ အခြေခံအတွေးအခေါ်ဖြစ်သော 'မြန်မာ့နည်းမြန်မာ့ဟန်ဆိုရှယ်လစ်လမ်းစဉ်'မှာ ဗိုလ်ချုပ်ကြီးနေဝင်း၏ အာဏာသိမ်းယူခြင်းမှာ မှန်ကန်မျှတကြောင်းဆိုသည့်အချက်အပေါ် အဓိကထား ရေးဆွဲခဲ့ကြခြင်းဖြစ်သည်။

ထိုကာလအတွင်းမှာပင် ကာကွယ်ရေးဝန်ကြီးဌာနအတွက် အုပ်ချုပ်မှုစွမ်းရည်သင်တန်းများကိုလည်း ဗဟိုနိုင်ငံရေးသိပ္ပံတွင် ဆက်လက်ဖွင့်လှစ်လိုက်လေသည်။ ထိုအုပ်ချုပ်မှုစွမ်းရည်သင်တန်းများမှ အရပ်သားဝန်ထမ်းများအပါအဝင် သင်တန်းသား ၄၄၁၇၃ ဦးတို့ကိုမွေးထုတ်ခဲ့ပြီး ပါတီမှပုံဖော်ထားသော မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်၏ အခြေခံဝါဒဖြန့်သဘောထားများကို အဓိကသင်ကြားခြင်းဖြစ်သည်။

ရှေ့တစ်ပတ်ဆက်ဖတ်ပါ။

www.free4reader.com







TIT-BIT NEWS
ဂါဂါဂူး စပ်စုသည်

## စုဖုရားလတ်အကြောင်း ထိုင်းဇာတ်လမ်းတွဲရိုက်

ထိုင်းနိုင်ငံရဲ့ သရုပ်ဆောင်ဘုရင်မလို့ဆိုရမယ့် 'ဥုံမ်ပတ်ချရာမ'က မြန်မာ့ကုန်းဘောင်မင်းဆက်ရဲ့ နောက်ဆုံးမိဖုရား'စုဖုရားလတ်'ရဲ့နေရာက ပါဝင်သရုပ်ဆောင်ပြီး ထိုင်းချန်နယ်(၇)မှာ တီဗွီဇာတ်လမ်းတွဲအဖြစ် တင်ဆက်ပြသနေပြီဖြစ်ကြောင်း သိရပါတယ်ရှင်။

မင်းတုန်းမင်းကြီးအဖြစ် 'ကယ်ရီ'ကသရုပ်ဆောင်ထားပါတယ်။

ဇာတ်ကောင်စရိုက်တွေ၊ ရုပ်ရည်ဆင်တူရိုးမှားပင် ရှိ-မရှိဆိုတာတွေနဲ့ ပညာ သည်ကြီးတွေလို တွက်ဆကြည့်နေရင်တော့ မတတ်နိုင်ဘူးပေါ့လေ။

ဘာကြောင့်ဆို 'စုဖုရားလတ်'ရဲ့ရုပ်ရည်နဲ့ 'ဥုံမ်'ရဲ့ရုပ်ရည်ကတော့ တူနိုင်လား၊ မတူနိုင်လား ကိုယ့်ဟာကိုယ်မေး၊ ကိုယ့်ဟာကိုယ်ပဲ တွေးကြည့်ပေါ့လေ။ ကြားက မပြောရဲပေါင်။

သေချာတာကတော့ အဲ့ဇာတ်လမ်းတွဲတစ်ပိုင်းစီအတွက် မြန်မာငွေနဲ့ တွက်ရင် ကျပ်သိန်းပေါင်း တစ်ရာနီးပါး ဥုံမ်က ခိုင်သွားပြီပေါ့နော်။ မြန်မာ ပရိသတ်တွေ ကြည့်ပြီး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ထက်သန်ချင်ရင်ဖြစ်ဖြစ်၊ ဝေဖန်ချင်ရင်ဖြစ်ဖြစ်၊ လေထန်ချင်ရင်ဖြစ်ဖြစ်၊ သောကြာ၊ စနေ၊ တနင်္ဂနွေ ည စနာရီ (ထိုင်းစံတော်ချိန်ပေါ့) ဆိုရင် ဖမ်းယူကြည့်ရှုတော်မူနိုင်ပါတယ် ဆိုတဲ့အကြောင်း■



## ကျနော်ယားမိ အပြစ်ရှိ... အနဂ္ဂရဲ့သကြန်

အနဂ္ဂရဲ့သကြန် Fever 2017 Album ထဲက 'ဟားပြီ'ဆိုတဲ့ သီချင်းအပေါ် ဝေဖန်ထောက်ရှု ဆင်ဆာပြုမှုတို့အပြင် 'ကိုယ့်သမီးကို အဲ့လိုဆိုရင် ဘယ်လိုဖြစ်မလဲ'ဆိုတဲ့အထိ (အနဂ္ဂစကားအတိုင်းဆိုရင်)ဘလိုင်းကစ်လာတဲ့အတွက် အနဂ္ဂရဲ့သကြန်Fever ဆိုတဲ့အတိုင်း အပူရှိန်မြင့်တက်စွာ ခံစားမှုရှိခဲ့ပါတယ်လို့ ရင်ဖွင့်လာပါတယ်။

ဒါကြောင့် အွန်လိုင်းမှတစ်ဆင့် ပရိသတ်တွေအပြည့်အဝ နားဆင်နိုင်ရပါမယ်လို့လည်း ဆိုလာပါတယ်။

ကိုတို့ရေ၊ ဒါမျိုးကိစ္စဆိုတာ ကိုတို့ရဲ့ဖခင်ကြီးလည်း ရင်ဆိုင်ဖြတ်သန်းခဲ့ရတာပဲ မဟုတ်လား။ လမ်းသစ်ဖောက်သူတိုင်းဟာ ဒီလိုပဲ ထွင်ပြီးလမ်းဖောက်ရတာပါ။

အားမလျှော့ပါနဲ့ပေါ့လေ ■

## ထီရောင်းလို့ကောင်းတုန်း ဝယ်လို့ရောကောင်းရဲ့လား

အခုခေတ်က 'သိန်းထီ'ခေတ် မဟုတ်တော့ပါဘူး။ 'သောင်းထီ'ခေတ်ဖြစ် လာပါပြီ။ များများထိုးကြပါ။ များများရကြမှာ။ အဲ့အတွက် အခွန်တွေကို သတင်းစာကနေ မပြတ်ပရိုမုတ်လုပ်ပြီးရယူနေပါပြီ၊ အဲ့ငွေတွေနဲ့လည်း ထီဆုငွေထဲထည့်ပေးမှာလား မသိဘူးပေါ့နော်။ ထီလက်မှတ်စောင်ရေ (ရွက်ရေ)ပေါင်း သိန်း ၄၇၀ နီးပါးရိုက်နှိပ်ထားပါတယ်။

ထီတစ်ရွက်ကို ကျပ် ၅၀၀ ပါ။

မရောင်းရသေးတဲ့ ထီလက်မှတ်ရွက်ရေ သိန်း ၁၅၀ နီးပါးကျန်နေပါတယ်တဲ့။ ထီကိုယ်စားလှယ်တွေ မြန်မြန်ဝယ်ပေးကြပါ။ စကားရှိပါတယ်။ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်တဲ့။ အဲ့လိုမှ မဟုတ်ရင် တခြားက 'ဆီ'တွေပါ မျက်စောင်းထိုး မလာအောင်၊ ထီစာရွက်တွေကို မြန်မြန်နဲ့များများ ဝယ်ယူပေးတော်မူကြပါလို့■

www.free4reader.com


ယခင်တစ်ပတ်မှအဆက်. . .

'ကိုကိုချန်နယ်'က အတန်းပညာချို့တဲ့သူဖြစ်တယ်ဆိုပေမယ့် ဖက်ရှင်အမြင်မှာတော့ သူများနဲ့မတူတဲ့ ရှင်းရှင်းလင်းလင်းပုံဖော်ပြီးမြင်ကြည့်တတ်တဲ့ အမြင်ရှိသူဖြစ်ပါတယ်။ သူ့ရဲ့စိတ်ဝင်စားမှုက ငယ်ရွယ်တဲ့မိန်းမပျိုတိုင်းကို အာရုံစိုက်တတ်ခြင်းဖြစ်ပါတယ်။ ပြီးရင် နောက်တစ်ဆင့်တက်ပြီး အဲဒီမိန်းကလေးတွေရဲ့မိခင်တွေကို အကဲခတ်လေ့ရှိပါတယ်။ ပြီးမှ စိတ်ကျစရာအဖြစ်တွေ၊ ဘဝမှာ မအောင်မမြင်ဖြစ်စရာတွေကို ပယ်ရှားလက်မခံတတ်တဲ့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်တတ်ကြတဲ့ အိမ်ထောင်ရှင်အမျိုးသားတွေ၊ သားအဖတွေကိုဆက်ပြီး လေ့လာတတ်ပါတယ်။

# ဖက်ရှင်ဒီဇိုင်နာ ဆိုတာ...

ဒီလိုလေ့လာမှုက ယောကျ်ားသားတွေနဲ့ ချစ်တမ်းကစားဖို့မဟုတ်ဘဲ သူတို့ရဲ့ကျားကုတ်ကျားခဲလုပ်ကိုင်တတ်ကြတဲ့ သဘာဝကိုနားလည်ဖို့ဖြစ်ပါတယ်လို့ဆိုပါတယ်။

သူ့ရဲ့လွတ်လပ်တဲ့အမူအကျင့်က ရလာတဲ့အတွေးအခေါ်အတိုင်းဆိုရင် မိန်းမဆန်တဲ့အလှဆိုတာ 'ပါးလျား'ရမယ်။ 'သွယ်သွယ်လေး'ဖြစ်ရမယ်ဆိုတဲ့အမြင်ကို သိလာတယ်။ သူ့ရဲ့အမှတ်တံဆိပ်ဖြစ်လာမယ့် 'Chanel'ဆိုတဲ့ စကားလုံးကို အဲဒီလိုသွယ်လျတဲ့သူတွေနဲ့အတူ တပါတည်းတွဲမြင်နေဖို့ သူလုပ်ရတော့မယ်ဆိုတာလည်း သဘောပေါက်လာတယ်။ ဘာကြောင့်ဆို သွယ်လျတဲ့မိန်းကလေးတိုင်းမဆို ဝတ်စားဆင်ယင်မှုနဲ့ လိုက်ဖက်နေရင် ဘယ်ယောကျ်ားသားမဆိုကတော့ တစ်ချက်လောက်ဖြစ်ဖြစ် စိတ်ဝင်တစားကြည့်မိတတ်ကြတယ်ဆိုတာ ခပ်ရိုးရိုးနားလည်ထားတဲ့အပေါ် ဘယ်လိုအသုံးချရမလဲဆိုတာကိုလည်း ခပ်ရိုးရိုးပဲ သူတွေးကြည့်နိုင်ခဲ့တယ်။

'ကိုကိုချန်နယ်'ရဲ့ ဘဝမှာ ဘယ်ယောကျ်ားသားကိုမဆို သူက မယုံကြည်ခြင်းပါပဲ။ သူ့ခန္ဓာကိုပေးရင် သူတို့ဆီက ငွေကြေးခနဉစ္စာပြန်ရမယ်။ ဒါပေမယ့် သူ့ရဲ့အဲဒီလွတ်လပ်မှုအပေါ် တန်ဖိုးထားပြီး ပြန်အသုံးချတတ်ရမယ်ဆိုတာကိုတော့ သူမမေ့ပါဘူး။

ချစ်သူတွေကို သူရွေးချယ်တယ်ဆိုတာ သူတို့မှာဘယ်လောက် ဩဇာအာဏာရှိတယ်၊ သူ့အပေါ် ဘယ်လောက်အထောက်အပံ့ရမယ်ဆိုတဲ့ အချက်ပေါ်မှာပဲ ရွေးချယ်တယ်။

'ကယ်ပဲလ်'ရုတ်တရက်သေဆုံးပြီးနောက်ပိုင်းမှာ ရုရှားက မြို့စားတစ်ယောက်နဲ့ ဗြိတိန်နိုင်ငံရဲ့ တတိယမြောက်အချမ်းသာဆုံးဖြစ်လာမယ့် ပဥ္စမမြောက် ဝက်စ်မင်စတာမြို့စား'ရောဘတ်ဂရော့စ်ဗီနာ'တို့ကို ဒုတိယကမ္ဘာစစ်အတွင်းမှာ ချစ်သူရည်းစားတွေအဖြစ် ပတ်သက်ခဲ့တယ်။ အဲ၊ ဒါ့အပြင် တစ်ချိန်မှာ နိုင်ငံတော်ပုန်ကန်မှုဖြစ်လာနိုင်မယ့် ပြင်သစ်ကိုသိမ်းပိုက်ခဲ့တဲ့ဂျာမန်စစ်တပ်ထဲက 'ဂန်သာဗွန်ဒင်ဂ်လေဂျ်'နဲ့လည်း အတူတူပေါင်းဖက်နေထိုင်ခဲ့တယ်။

'ကိုကိုချန်နယ်'ရဲ့ဖက်ရှင်တွေထဲမှာ အနက်ရောင်ကို နည်းနည်းဖြစ်ဖြစ်ပါရတဲ့ အယူအဆဟာ ပထမကမ္ဘာစစ်ကြီးဖြစ်ပြီး ၁၉၂၀ ဝန်းကျင်နောက်ပိုင်းမှာ သူသတိထားမိခဲ့တဲ့ အချက်သုံးချက်ကြောင့်ဖြစ်မယ်လို့ ယူဆနိုင်ပါတယ်။

ပထမအချက်ကတော့ ပထမကမ္ဘာစစ်ကြီးပြီးသွားတဲ့အခါ သူတို့ရဲ့ချစ်သူရည်းစား၊ ယောကျ်ားတွေ စစ်ပွဲမှာ




စည်းအမာဆိုတာ ယောကျ်ားပီသမှုရဲ့ သင်္ကေတတွေဖြစ်တယ်။ အဲဒီသင်္ကေတတွေကို မိန်းကလေးတွေရဲ့ ဝတ်စားဆင်ယင်မှုဖြစ်အောင် ပြောင်းလဲပေးရမယ်ဆိုတာကို သူမြင်လာတယ်။ တတိယကတော့ အဲဒီလိုပြောင်းလဲမယ်ဆိုရင် ဘယ်သူမှစိတ်မဝင်စားမိကြတဲ့ အမျိုးသမီးသီလရှင်တွေ အမြဲဝတ်ဆင်ကြရတဲ့ အနက်ရောင်ဝတ်စုံနဲ့ အဖြူရောင်ခေါင်းစည်းတွဲလျက် ဝတ်ဆင်မှုကလည်း စိတ်လှုပ်ရှားမှုကိုဖြစ်စေမယ်လို့ သူကယူဆတယ်။ သီလရှင်တွေရဲ့ ဘဝရပ်တည်မှုကလည်း သီးခြားသဘာဝရှိတာမို့ လောက






ယောက်ျားဝတ်ဒီဇိုင်းနဲ့
အမျိုးသမီးတွေစိတ်ခေတ်တက်အောင်
ပုံစံတင်ပြောင်းပေးခဲ့တဲ့ကိုကိုချယ်နယ်ရဲ့လက်ရာ။

ကျဆုံးခဲ့ကြတဲ့အပေါ် ဝမ်းနည်းခြင်းအဖြစ် အနက်ရောင်ဝတ်စုံတွေကို ငယ်ရွယ်တဲ့မိန်းကလေးတွေ အများဆုံးဝတ်ဆင်လာကြတာကို သူသတိထားမိခဲ့တယ်။ အနက်ရောင်တွေ များများဝတ်ဆင်နေကြတာကို သူမြင်ပုံက မိန်းကလေးတွေ ပုံမှန်ဝတ်ဆင်နေကြတဲ့ ဝတ်ဆင်မှုတွေထက် 'အနက်ရောင်'ပါတဲ့ဝတ်စားဆင်ယင်မှုက ပိုပြီး chic ဖြစ်တယ် (စတိုင်ကျတယ်)ဆိုတာ မြင်လာတယ်။

ဒုတိယအချက်က အဲဒီလိုကြေကွဲဝမ်းနည်းနေကြတဲ့ မိန်းကလေးတွေရဲ့ စိတ်ကိုပြောင်းသွားစေချင်တယ်။ ယောကျ်ားသားတွေက သူတို့ကိုမထီတရီကြည့်မြင်ပုံတွေကို ကိုယ့်ခြေထောက်ပေါ် ခေါင်းမော့ရင်ကော့ပြီး ရပ်တည်နိုင်တယ်ဆိုတဲ့အကြည့်နဲ့ ပြောင်းပြီးမြင်လာစေချင်တယ်။

ဒါကြောင့် ယောကျ်ားတွေဝတ်ဆင်တတ်ကြတဲ့ 'စတစ်ကော်လာအမာအဖြူရောင်'နဲ့ 'အင်္ကျီလက်ရှည်လက်ကြီးထဲမှာ အားကိုးရာမဲ့ ကြေကွဲစရာအဖြစ်ကိုသာမြင်တတ်ကြတဲ့ မိန်းမသားတွေရဲ့ ဝတ်ဆင်မှုနဲ့ သီလရှင်တွေရဲ့ ရပ်တည်ကြရတဲ့သဘာဝနဲ့ ဘယ်လိုပေါင်းစပ်ရမလဲဆိုတာကိုပါမြင်လာတယ်။

အဲဒီလိုသီလရှင်တွေရဲ့ ဝတ်စားဆင်ယင်မှုကို အခြေခံယူပြီး ယောကျ်ားပီသတဲ့သင်္ကေတတွေဖြစ်တဲ့ 'အဖြူရောင်စတစ်ကော်လာအမာ'နဲ့ 'အင်္ကျီလက်ရှည်လက်စည်းအမာ'ပုံစံကိုအခြေခံပြီး အရောင်တွေကိုအစဉ်လိုက်ဖြစ်အောင်ဆက်ကစားရတဲ့ ရောင်စုံပလပ်စတစ်ပြားလေးတွေရဲ့ အရောင်ဆက်စပ်မှုတွေအတိုင်း ဒီဇိုင်းဖွဲ့ခြင်းကကနဦး 'ချန်နယ်လ်ရဲ့ ဖက်ရှင်အစ'ဖြစ်လာခဲ့တာပါပဲ။

၁၉၂၀ ဝန်းကျင်မှာသူစခဲ့တဲ့ ဖက်ရှင်ဒီဇိုင်းတွေကို ၁၉၃၀ ဝန်းကျင်နှစ်တွေအထိ အခြေခိုင်လာအောင် အမြင်ပြောင်းနိုင်ခဲ့တဲ့အတွက် ထိပ်တန်းဖက်ရှင်ဂုရုတွေထဲက တစ်ယောက်ဖြစ်လာခဲ့တဲ့ 'ကိုကိုချန်နယ်'ရဲ့အောင်

စာမျက်နှာ ၂၀ သို့

www.free4reader.com

# ရှိမီယိုမဟုတ်တဲ့ စိုင်းစိုင်း

သူမက ဂျူလီယက်
ကျွန်တော်က ရိုမီယို မဟုတ်ပါ။
သို့ပေမယ့်
သူမက ရိုမီယိုကို မချစ်
ကျွန်တော့်ကိုပဲ ချစ်ပါတယ်။
သူမက ကမ္ဘာမြေဆို
ကျွန်တော်က လမိုက်ညသာ
သို့ပေမယ့်
သူမက လမင်းကြီးကိုမချစ်
ကျွန်တော့်ကိုပဲ ချစ်ပါတယ်
သူမက အနာဂတ်
ကျွန်တော်က အတိတ်ရဲ့ကျိန်စာ
သို့ပေမယ့်
ကျွန်တော်တို့နှစ်ယောက်
ပစ္စုပ္ပန်ရဲ့ ဆုံမှတ်တစ်ခုမှာ. . တဲ့။

စိုင်းစိုင်းရဲ့ ကိုယ်တိုင်ရေးဖီလင်လေးပေါ့နော်။ အခုလတ်တလောမြင်ရတဲ့ဓာတ်ပုံလေးတွေက ဆစ်ဒနီမှာရောက်နေခိုက် တွေ့ရတဲ့အမှတ်တရပုံလေးတွေပေါ့။ အတူရှိနေသူက စိုင်းစိုင်းပြောနေကျ 'သူငယ်ချင်း'လေလား။ ဒါမှမဟုတ် ဆွေမျိုးအရင်းလား၊ ဝမ်းကွဲလား၊ မရင်းတရင်းလား။ စိုင်းစိုင်းကိုမေးကြည့်ပေါ့။ သေချာတာတစ်ခုက စိုင်းစိုင်းဟာ သူပြောသလို 'ရိုမီယို' မဟုတ်တာတော့ အမှန်ပါပဲပေါ့နော်■





# အားကိုးသင့်ရင် ကိုးမှာပဲ...၊ ကိုးမှာပဲ...၊

"Hey Ni Ni, Htet is Ready" လို့ အသံပေးလိုက်တဲ့ မိတ်ကပ်ပညာရှင် ထက်ထက်(pop soul) ရဲ့အသံလေးက တကယ့်ကိုမိုက်ပါတယ်နော်။ ပြီး ၁ရက်နေ့ ပြည်သူ့ရင်ပြင်မှာ နီနီခင်ဇော်ရဲ့ 'ဆိုလိုကွန်ဆာ့'အတွက် အတူတူပါဝင်အားဖြည့်ပေးဖို့ သူ့ရဲ့အလှအပများနဲ့ စိတ်လှုပ်ရှားစွာ အသံပြုလိုက်တာကလည်း မြန်မာ့အနုပညာနယ်ပယ်အတွက် တအားတက်စရာ မဟုတ်ပါလား။

ဘာကြောင့်ဆို ဒီရက်တွေထဲ ကိုယ်ခန္ဓာလှပဖို့ (Gym) ပြန်ဆော့ဖို့ဆိုပြီး အိမ်ထောင်ဖက်က ဘယ်ဆီနေမှန်းမသိသေးဘူး၊ တစ်ခုလပ်ဖြစ်ရမှာ ကြောက်နေရှာတဲ့ သရုပ်ဆောင်သင်ဇာဝင့်ကျော်လို မရဲတရဲနဲ့ ပွဲထွက်ဖို့ ခက်နေတာနဲ့စာရင် ထက်ထက်လို ခပ်ရဲရဲနဲ့ အမြဲတဲဗားရယ်ဒီဖြစ်နေမယ့် အနုပညာရှင်မျိုးကို ပိုအားကိုးသင့်ရင် ကိုးရမှာပဲ. . ကိုးရမှာပဲလို့ ရဲရဲပဲ ပြောလိုက်ချင်။

အဟင်း ဟင်း■





www.free4reader.com



## အရှုပ်ထဲမှာရှင်းအောင်နေတဲ့။ ရှင်းအောင်နေတဲ့ တပည့်တော်တို့ကို ခုလိုလိုက်ရှုပ်နေတော့ ဘာလုပ်ရမလဲဘုရား။

ဆရာတော်တစ်ပါး ထုတ်ဝေဖြန့်ချီထားတဲ့ တရားစာအုပ်လေး တစ်အုပ်ရဲ့အမည်က 'အရှုပ်ထဲမှာ ရှင်းအောင်နေ'တဲ့။

ဘုရားတပည့်တော်ကတော့ ပုံမှန်အတိုင်းနေနေတာပါပဲဖျာ့။အဲ့. . လူထုအစိုးရတက်လာမှ ထီတွေရော၊ အခွန်တွေရော၊ ရွှေဝယ်တောင် အခွန်ကောက်ခံတာရော၊ ဝိုင်ဘီအက်စ်ရော၊ နိုင်ငံအစိုးရဖြစ်တာတောင် ၅ာန ၃ခုနဲ့မဆိုင်တာရော၊ အတော့်ကို ရှုပ်ယှက်ခတ်အောင် ဖြစ်နေကြတာလားဖျာ့။ တပည့်တော်ရှင်းအောင်နေတာတောင် ရှုပ်တာတွေက ရောက်ရောက်လာတာပေါ့နော်ဖျာ့။

ခုလည်းကြည့်။ ၅ရက်နဲ့ ၁၀ရက် အားလပ်ရက်ကို ရှုပ်ပြနေလိုက်တာ။ အဲ့အားလပ်ရက်အရှုပ်ထုပ်ကို ဒီလိုမြင်မိတယ်ဖျာ့။ တစ်နေ့တစ်မျိုးနော်။ မရိုးအောင် ပြောင်းလဲပြနေတာတွေဟာ ကြားချင်ပေါ့ နားဆင်တော်မူပါတော့ဖျာ့။

အရင်တုန်းက ၁၀ရက်ရှိတယ်။ အခု ၅ရက်ဖြစ်သွားတယ်။

အဲဒီ ၅ရက်ဖြစ်ပြီးမှ ၁၀ရက်ထပ်တိုးပေးတယ်။

ဒါပေမယ့် အဲဒီတိုးပေးတဲ့ ၅ရက်က လျှော့လိုက်တဲ့ ၅ရက်နဲ့ မဆိုင်ဘူးတဲ့။

တိုးလိုက်တဲ့ ၅ရက်ကသပ်သပ်၊ လျှော့လိုက်တဲ့ ၅ရက်က သပ်သပ်တဲ့။

ဒါပေမယ့် ပေါင်းလိုက်တော့လည်း ၁၀ရက်ပါပဲ။

ဒါပေမယ့်တဲ့၊ အခု ၁၀ရက်ဆိုတာတဲ့

ဒီနှစ်အတွက်မို့ ၅ရက်တဲ့။

နောင်နှစ်မှာတော့ ၅ရက်ပဲတဲ့။

နောင်နှစ် ၅ရက်က ဒီနှစ် ၁၀ရက်နဲ့ မဆိုင်ဘူးတဲ့။

သွားမရောနဲ့တဲ့။

ဒီနှစ် ၅ရက်ဆိုတာက အရင် ၅ရက်တွေနဲ့မဆိုင်ဘူး။

သဘောပေါက်နော်။

ဒီထက်ရှင်းအောင်ပြောရမလား။

ဒီနှစ် ၁၀ရက်ဆိုတာ မရှိတော့ဘူး။ ၅ရက်ပဲတဲ့။

ဒါပေမယ့် အခု ၁၀ရက်ဖြစ်နေတာကတဲ့

အဲဒီထဲက ၅ရက်က သပ်သပ်တဲ့။

ဒါက အထူးတဲ့။

ရှေ့နှစ်ကျတော့ ၁၀ရက်မရှိတော့ဘူး။ ၅ရက်တဲ့။

ရှင်းလားသိဝူး။

အဲ့လို အုပ်ချုပ်မှုတွေ၊ အဲ့လိုစကားအဓိပ္ပာယ်တွေ ကြားထဲမှာ ရှင်သန်လူဖြစ်ရတဲ့ဘဝမျိုးပါဖျာ့။

ကယ်မတော်မူပါ■

# မတ် ၂၂မျိုးကြီးပြောင်းလဲမယ်

အဖိုးတွေ တစ်ခါမှမကြားဖူးသေးတဲ့ ဘောနပ်စ်သီချင်းလေးတစ်ပုဒ်ပါတယ်ဆိုတာ လက်တို့ပြီးပြောလိုက်တဲ့ မျိုးကြီးရဲ့ 'ပြောင်းလဲခြင်းများ'အယ်လ်ဘမ်ကို မတ် ၂၂မှာထွက်ရှိဖို့ ဒိတ်မှန်းထားတယ်လို့ ဆိုလာပါတယ်။ ကောင်းပါရဲ့။

ဒီထက်ကောင်းချင်သေးတာက လေးဖြူ၊ အငဲ၊ ပိုင်ပိုင်း၊ မျိုးကြီးတို့တွေရဲ့ သီချင်းတွေကို တစ်ယောက်တစ်လှည့် မြန်ဆိုကြမယ့် အစီအစဉ်လေးတွေနဲ့ဆိုရင်လည်း ပရိသတ်စိတ်ဝင်စားနိုင်တယ်ပေါ့နော်။

လောလောဆယ်တော့. . ငါ့ရဲ့အသည်းတစ်ခြမ်း. . မင်းဆီချန်ပြီး. . (အဟီး ဟီ)■





## SBS အတွက်သီချင်းဆိုမယ့် ဖြူဖြူကျော်သိန်း

ဂါဂူးတို့ ဖွူဖွူကတော့ သိတဲ့အတိုင်းပဲလေ နော့။

ကိုရီးယား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးအနေနဲ့ 'My destiny' ကို ကိုရီးယားလို ဟဲဖို့အတွက် Jmmartel Band နဲ့ အပီလေ့ကျင့်နေပြီလို့ သိရပါတယ်ရှင်။ ဖူဖူရဲ့သီချင်းလေးတွေက မတ် ၁၄ရက်နေ့ကျရင် SBS ရုပ်သံအစီအစဉ်က တစ်ဆင့် ကိုရီးယားနိုင်ငံတစ်ဝှမ်းလုံးမှာ ကိုရီးယားစံတော်ချိန် ည ၈နာရီဝန်းကျင်မှာ ထုတ်လွှင့်မယ်ဆိုတော့ ဖူဖူရုပ်နဲ့ ဖူဖူအသံ ကိုရီးယားမှာ လွှင့်ပျံမယ့် ညတစ်ညပေါ့■

www.free4reader.com

# မိုးဟေကို အကယ်ဒမီတက်မည်



ရန်ကုန်မြို့ ရွှင်တော်ပုလမ်းမှာ ပိုးထည်ဆိုင်ဖွင့်ထားတဲ့ မိုးဟေကိုက သကြံန်အပြီး ဘောက်ထော်၊ ပြည်သာယာလမ်း ခြံအမှတ် ၁၀ ကို ဆိုင်သစ်ပြောင်းရွှေမယ့်အကြောင်း သတင်းပေးပြောကြားလာပါတယ်။ ပိုးထည်ဆိုင်သက်တမ်း ၂ နှစ်ရှိပြီမို့ ဆိုင်ခွဲမဖွင့်ဘူးလားမေးတဲ့အခါ "အဲဒီလိုဆိုင်ခွဲဖွင့်ဖို့အစီအစဉ်တော့မရှိပါဘူး။ ဒါပေမယ့် အခုဆိုင်သစ်မှာတော့ ဒီဇိုင်နာရော၊ ချုပ်သမားတွေပါ စီစဉ်ထားပါတယ်။ အကြောင်းဆို ကပ်စတမ်မာတွေက မိုးဆိုင်မှာဝယ်ပြီးရင် ဒီမှာပဲချုပ်ချင်ကြတယ်တဲ့။ အဲဒီလိုတွေပြောကြတာကြောင့် ပိတ်စရော၊ ဝတ်စုံချုပ်ဖို့ပါ တစ်နေရာတည်းမှာ ပြီးအောင်စီစဉ်လိုက်တာပါ။ နောက်ထပ်လုပ်ငန်းအသစ်တစ်ခုလည်းစီစဉ်ထားတာရှိပါတယ်။ ဒါပေမယ့် လုံးဝသေချာမှ မီဒီယာတွေကို ကြေငြာပြီးသတင်းပေးပါမယ်" လို့ ပြောခဲ့ပါတယ်။ မိုးဟေကိုက ကိုယ်ပိုင်ရုပ်ရှင်ထုတ်လုပ်ရေးက ဧပြီ ၁ရက်နေ့မှာ စကားမြောက်အဖြစ် ဒါရိုက်တာစတီးလ်၊ သရုပ်ဆောင်မြင့်မြတ်၊ တွန်းတွန်း၊ မိုးဟေကိုတို့ပါဝင်မယ့် ရုပ်ရှင်ဖြစ်ပြီး လို့ ဂုက်သည်းဖိုဇာတ်လမ်းဖြစ်ပါသတဲ့။ အခြားသော ကုမ္ပဏီများက တမ်းလှမ်းမှုများရှိသော်လည်း မိဘရဲ့ကျန်းမာရေးကို ဦးစားပေးရတာကြောင့် မရိုက်ဖြစ်တာမျိုးလည်းရှိတယ်လို့ပြောခဲ့ပါတယ်။ ဇွန်လမှာ ဒါရိုက်တာညီမင်းလွင်ရိုက်ကူးတဲ့ 'လူသားများကိုခြောက်လှန့်ရန် တစ္ဆေတစ်ကောင်အလိုရှိသည်' ရုပ်ရှင် ရုံတင်မယ်လို့ပြောခဲ့ပါတယ်။ အကယ်ဒမီပွဲဝတ်စုံကိုမေးတဲ့အခါ "ပြောရင်ယုံမှာမဟုတ်ဘူး။ အာမှုကို မစီစဉ်ရသေးတာပါ။ ဒီနှစ်လည်း ဒီဇိုင်နာကောင်းမြတ်စိတ်ကြိုက်ပဲဖန်တီးပါလိမ့်မယ်" လို့ပြောခဲ့ပါတယ်■

www.free4reader.com



မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ကိုလူမင်းကို ဒေါ်ဝါဝါဝင်းရွှေရဲ့ ရွှေပြည်သာရုပ်ရှင်ရုံဖွင့်ပွဲမှာ တွေ့တဲ့အခါ အခွန်ကိစ္စကို စပြီးမေးဖြစ်ပါတယ်။ "အခွန်ထမ်းဆောင်ပြီးအနုပညာရှင်များစာရင်းကို ပြည်သူများသိရှိနိုင်ရန် ကြေညာအပ်ပါသည်ဆိုတော့ ဖော်ပြပါ ၁၉ ဦးကလွဲရင် ကျန်တဲ့လူတွေက အခွန်လုံးဝဆောင်မထားဘူးဆိုတဲ့ အဓိပ္ပာယ်သက်ရောက်နေပါတယ်။ တကယ်တော့ ကျွန်တော်တို့လည်း နှစ်စဉ်နှစ်တိုင်း ဆောင်ပါတယ်။

# လူမင်း

## ပြည်တွင်းကပညာရှင်တွေနဲ့ပဲ ဖန်တီးခဲ့တော့ အနုပညာမြောက်ပါတယ် အန္တာဘစ်ကို အကယ်ဒမီပေးသင့်ပါတယ်



ဒီနှစ်ဘဏ္ဍာနှစ်ကလည်း တစ်လကျန်ပါသေးတယ်။ ဆောင်သွားမှာပါ။ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အတွက် ထမ်းဆောင်ရန်ကျန်တာပဲဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် စာထုတ်ပြန်ထားတဲ့အပေါ်မှာတော့ သို့လောသို့လောဖြစ်ကြပါတယ်။ ဥက္ကဋ္ဌဖြစ်တဲ့ကျွန်တော်ကိုယ်တိုင် နာမည်မပါတော့ ကျွန်တော်ကစ အခွန်မဆောင်ဘူးလို့ ဖြစ်ကုန်တာပေါ့။ ဒါကြောင့် အွန်လိုင်းမှာလည်း ရှင်းထားပါတယ်"လို့ဖြေပါတယ်။ ကိုလူမင်းက မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ ရက်ကားပက်မှာ အကယ်ဒမီရွှေစင်ရုပ်ဆု ၁၀၀ ကိုလည်း ထုဆစ်ထားမယ်လို့သိရပါတယ်။

**ဇာတ်ပို့ဆုကို လိပ်ပြာသန့်သန့်နဲ့တက်ယူရဲတယ်လို့ ပြောခဲ့ပါတယ်။ ခုတော့ အနုပညာရှင်နဲ့ ဒိုက်တာဆုလို့လည်း ကြားရပြန်တော့ အဲဒီအတွက်လည်းပြောပါဦး။**

ကျွန်တော်က ဒါရိုက်တာဆုကို ကျန်စစ်မင်းရုပ်ရှင်ကတည်းက ရချင်တာပါ။ ပြီးတော့ အနုပညာရုပ်ရှင်မှာ ဒါရိုက်တာတစ်ယောက်အနေနဲ့ ရာနှုန်းပြည့်နီးပါး လက်ကုန်ရိုက်ခဲ့တာပါ။ ဆိုတော့ ဇာတ်ညွှန်း၊ ရိုက်ချက်၊ ဇာတ်လမ်း၊ သရုပ်ဆောင် ဘာနဲ့ပြောပြော အစစ်ဆေးခံရပါတယ်။ ဒါကြောင့် ဒါရိုက်တာဆုလိုချင်တာပါ။

**ကိုလူမင်းက လက်ရှိမှာ အနုပညာကျွန်တဲ့ ရုပ်ရှင်ရော၊ ငွေကြေးကျွန်တဲ့ရုပ်ရှင်ပါရိုက်နေတာဆိုတော့ တကယ် ရိုက်ချင်တာဆိုရင်ရော။**

တကယ်ရိုက်ချင်တာဆိုရင်တော့ အနုပညာကျွန်တဲ့ကားပေါ့။ ဒါပေမယ့် ကျွန်တော်တို့တိုင်းပြည်အနေအထားက ဟောလီးဝုဒ်၊ ဘောလီးဝုဒ်ကို သွားပြီးအန်တုလို့မရပါဘူး။ ရောဘတ်ဒီနီရိုး ၁၀နှစ်နေမှ တစ်ကားပေါ်လာလည်း စောင့်ကြည့်ကြတယ်။ ကျွန်တော်တို့ဆီမှာကျတော့ ရုပ်ရှင်ရေစီးကြောင်းအရလည်း ပါဝင်နေဦးမှ။ မပါရင် စောင့်ကြည့်မနေတော့ဘူး။ တခြားလူပဲကြည့်တော့မှာ။ ကျွန်တော်ပြန်ပေါ်လာရင် ဩော်.. အခုမှပြန်ရိုက်တယ်ဖြစ်သွားမှာ။ ကျွန်တော်တို့ရေ ကျွန်တော်တို့မြေနဲ့ စံနှုန်းနဲ့က အကိုက်ပါပဲ။ ဒီကြားထဲကပဲ ကိုယ့်အတွက်အနုပညာကျန်မယ့်ကားလေးတွေ ရိုက်ဖြစ်အောင်ရိုက်သွားရတာပေါ့။ ပန်းဒေါင်း၊ ကျတ်ဂူ၊ နို့ဘီလူး စသဖြင့်ရှိပါတယ်။

**ဘန်ကောက်မှာရှူလေးသို့ရုပ်ရှင်မျိုးခိုင်းတို့ ဆန်ကာတင်ဝင်သွားတဲ့အပေါ် မြန်မာရုပ်ရှင်ဘက်က အကယ်ဒမီအတွက် ဆုံးဖြတ်တာမှားတယ်။ နိုင်ငံခြားကိုလည်း ခေတ်စနစ်အရပေးသင့်ပြီ။ ဒီတော့ ကိုလူမင်းသက်တမ်းပြီးရင် အဲဒီအချက်ကို ဖယ်ပြီးပေးလို့ရပြီလို့ မြင်ပါသလား။**

ဒီအချက်ကို နောက်တက်လာမယ့် အီးစီအဖွဲ့နဲ့ဆွေးနွေးသင့်တာပေါ့။ ကျွန်တော်ကတော့ အဲဒီအချက်နဲ့ပတ်သက်လို့ ကျန်စစ်မင်းရုပ်ရှင်ကတည်းက ပြောဖူးပါတယ်။ မလေးရှားကအတတ်ပညာရှင်အရမ်းကောင်းတယ်။ မိုနိုခေတ်မှာ စတီရီယိုအသံရအောင် မလေးရှားမှာသွားလုပ်ခဲ့တာပါ။ အဲဒီအဖွဲ့ကလည်း နိုင်ငံတကာဆုတွေအများကြီးရထားတဲ့ကုမ္ပဏီကပါ။ သို့သော် ပေးတော့ပေးတယ်။ သူတို့ကုမ္ပဏီနဲ့နာမည်နဲ့မဟုတ်ဘဲ စီစဉ်ဆောင်ရွက်ပေးတဲ့ မြန်မာလူမျိုးနာမည်နဲ့ပေးလိုက်တာတော့ရှိပါတယ်။ ခုလည်း ထိုင်းအကယ်ဒမီစံချိန်စံညွှန်းနဲ့ပူတွေကို ကျွန်တော်တို့ အတိအကျမသိပါဘူး။ ကျွန်တော်တို့နဲ့ မူကွဲပါတယ်။

**အဲဒီရုပ်ရှင်ရဲ့ မြန်မာဘက်ကကုမ္ပဏီက ဇာတ်ကားဆုနဲ့ပတ်သက်လို့ပြောလာတာရှိတဲ့အပေါ်။**

အဲဒါမြန်မာ့ရုပ်ရှင်ထူးချွန်ဆုအကဲဖြတ်အဖွဲ့ရဲ့မူ၊ အများသဘောတူဆုံးဖြတ်ချက်နဲ့ ဆုအဖြစ်ရွေးချယ်ထုတ်ပြန်တာဖြစ်ပါတယ်။ သူတို့ကိုမေးရင် မူတွေအတိအကျပြောနိုင်ပါလိမ့်မယ်။

**ဒါရိုက်တာဆုဆိုရင် ဇာတ်ကားဆုပါတတ်တာများပါတယ်။ ဒီတော့ ကိုလူမင်းသာ ဒါရိုက်တာဆုရရင် ဇာတ်ကားဆုပါရနိုင်မယ်ထင်လား။**

ပြောရမယ်ဆိုရင် ကိုယ့်ငါးချဉ်မို့ကိုယ်ချဉ်တာတော့ မဟုတ်ဘူးပေါ့ဗျာ။ ကျွန်တော်ရိုက်တဲ့အနုပညာရုပ်ရှင်ဆိုရင်ဇာတ်ကားဆုလည်း ပေးစေချင်ပါတယ်။ ၂၀၁၃ က ရိုက်ခဲ့တာ ရုံမတင်မချင်း စိတ်တိုင်းကျအရုပ်ကွာလတီကအစ All Myanmar ပါ။ နိုင်ငံခြားပညာရှင်တစ်ယောက်မှမပါပါဘူး။ ဇာတ်လမ်းကလည်း ကိုယ်ပိုင်ပါ။ ဒါကြောင့်ဒီလိုကားမျိုးကို ဇာတ်ကားဆုပေးစေချင်ပါတယ်။

**ပြီးတော့ စပါယ်ရှယ်အဂတ်နဲ့ပတ်သက်လို့ ကိုလူမင်းရဲ့အနုပညာရုပ်ရှင်ကပဲဖြစ်လိမ့်မယ်လို့ပြောကြပါတယ်။ ဒီတော့ စပါယ်ရှယ်အဂတ်ကရော ဆုပေးလောက်တဲ့အနေအထားရှိတယ်လို့ ထင်ပါသလား။**

အကယ်ဒမီမူအရ သတ်မှတ်ထားတဲ့ဆုအရေအတွက်က လွဲသွားရင် အထူးဆုအဖြစ်ချီးမြှင့်လို့ရပါတယ်။ ကျွန်တော့်ရုပ်ရှင်မှာ ကွန်ပျူတာက မောင်မောင်စန်းနဲ့အဖွဲ့ပါ။ ရရင်သူတို့ရမှာပေါ့။

**ကိုလူမင်းရဲ့အနုပညာရုပ်ရှင်မှာ အကယ်ဒမီအတွက် ပထမပိုင်းမှာ အသံသိပ်မထွက်ပါဘူး။ ခုနောက်ပိုင်းမှထွက်လာတော့ ဘာပဲပြောပြော အနည်းဆုံးတစ်ဆုနှစ်ဆုတော့ ရမယ်လို့ထင်ပါသလား။**

ဒီလိုရုပ်ရှင်မျိုးဟာ ရသင့်တယ်လို့တော့ ကျွန်တော်ထင်ပါတယ်။ ပရိုဂျူဆာအနေနဲ့လည်း အနည်းဆုံး ၂ကားစာကုန်ကျခံပြီး ရိုက်ထားတာပါ။ စလယ်ဆုံးပြည်တွင်းပညာရှင်တွေနဲ့ပဲ ဖန်တီးခဲ့တာပါ. လို့ ကိုလူမင်းက ဖြေပေးခဲ့ပါတယ်။ ခုရက်ပိုင်းတွေမှာတော့ ကိုလူမင်းက ဗီဒီယိုတစ်ကားရိုက်ရင်းက ညနေပိုင်းတွေမှာ အကယ်ဒမီပွဲကျင့်ပမည့် ပြည်သူ့ရင်ပြင်သို့သွားပြီး ညနေ ၅နာရီနောက်ပိုင်း နေပူမပူလေ့လာခဲ့ပါတယ်။ ကျနေဟာ ညနေ ၅နာရီခွဲမှာ မပူတော့ပါဘူးတဲ့။ ၆ နာရီဆို မိုးစချုပ်ပြီမို့ အဆင်ပြေနိုင်ပြီလို့ သူ့ရဲ့လူမှုကွန်ယက်စာမျက်နှာမှာ တင်ပြခဲ့ပါတယ်။ အဲဒါကိုပဲ အကောင်းမမြင်သူတချို့က ရုတ်တရက် မိုးရွာလာရင်တော့ ဂွမ်းပြီလို့ ရေးကြပါသေးတယ်။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရဲ့ ရွှေကောက်ပွဲကို အကယ်ဒမီပွဲအပြီး ကျင်းပမှာဖြစ်ပြီး ကိုလူမင်းနဲ့အီးစီအဖွဲ့ဝင်များအားလုံး နုတ်ထွက်ကြမှာဖြစ်ပါတယ်။ သေချာတာတစ်ခုက ဥက္ကဋ္ဌနေရာကို ဘယ်သူပဲရောက်ရောက်၊ ဘယ်သူပဲလာလာ အပြောအဆိုမလွတ်ဘူးဆိုတာပါပဲ။ ကိုလူမင်း ဥက္ကဋ္ဌစဖြစ်စဉ်က အကြံပေးခဲ့ဖူးပါတယ်။ ကိုယ်မသိတဲ့အကြောင်းအရာတစ်ခုဆိုရင် နားလည်တတ်ကျွမ်းတဲ့သူတွေကို တိုင်ပင်ပြီးမှ ဆုံးဖြတ်စေချင်ပါတယ်လို့ပါ။ ကိုလူမင်းကိုယ်တိုင် ကိစ္စတိုင်းမှာ တိုင်ပင်ပုံတော့ မပေါ်ပါဘူး။■

www.free4reader.com



# မှန်ဘီလူး

## ငယ်ငယ်တုန်းကပြောခဲ့ကြတာ ပေးပြီးသားပြန်ယူရင် မျက်စိစွံတတ်တယ်တဲ့



ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၊ လူမျိုးတိုင်းလိုလို၌ပင် အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ် မိသားစုများ ပြန်လည်ဆုံတွေ့ချိန် သတ်မှတ်ထားရှိတတ်ပါသည်။ များသောအားဖြင့် မိမိတို့လူမျိုး ဓလေ့စရိုက်အရ နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးချိန်၌ မိသားစုဝင်များအတူတကွရှိနေ၍ ရိုးရာဓလေ့နှင့်အညီ ဘုရားရှိခိုးခြင်း၊ နတ်ဘုရားများနှင့်တန်ခိုးရှင်များကို ပူဇော်ပသခြင်း၊ ကွယ်လွန်ပြီးသော၊ သက်ရှိထင်ရှားရှိနေသေးသော ဘိုးဘွား မိဘဆရာသမားတို့ကို ပူဇော်ကန်တော့ခြင်း၊ ကုသိုလ်ကောင်းမှုအလှူဒါနများပြုလုပ်ခြင်း၊ အစားအသောက်များ စည်စည်ကျွေးမွေးခြင်းနှင့် ပျော်ပွဲရွှင်ပွဲအခမ်းအနားကျင်းပခြင်းတို့ကို လုပ်ဆောင်ပေးလေ့ရှိကြပါသည်။

အဆိုပါနှစ်သစ်ကူးပွဲတော်ရာသီချိန်၌ ပြည်တွင်းမှာ ဖြစ်စေ၊ ပြည်ပကမ္ဘာတစ်ဝန်းမှာဖြစ်စေ ရောက်ရှိနေကြသည့် နိုင်ငံသူနိုင်ငံသား ပြည်သူလူထုအပေါင်းတို့မှာ မိမိတို့မိသားစုများ၊ မျိုးနွယ်စုများရှိရာ ဇာတိရပ်ရွာသို့ အရောက်ပြန်လာတတ်ကြပါ၏။ နိုင်ငံနှင့်လူမျိုးအလိုက် နှစ်သစ်ကူးရုံးပိတ်ရက်များ သတ်မှတ်ခွင့်ပြုပေးခြင်း၊ ခွင့်ရက်ရှည်ခံစားစေခြင်းတို့ဖြင့် အိမ်ပြန်နိုင်၊ မိသားစုဆုံစည်းနိုင်စေရန် ဖန်တီးသတ်မှတ်ပေးရပါသည်။ ကမ္ဘာသုံးခရစ်နှစ်ပြက္ခဒိန်အရ ဒီဇင်ဘာ ၃၁ရက် သန်းခေါင်ကျော်သည်နှင့်နှစ်သစ်သို့ကူးပြောင်းရောက်ရှိသည်ဟု တစ်ကမ္ဘာလုံး ကသဘောတူသတ်မှတ်ထားကြရာ ဒီဇင်ဘာ ၃၁ရက်နှင့် ဇန်နဝါရီ ၁ရက်တို့ကို နှစ်သစ်ကူးရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးထားတတ်ကြပါသည်။ ထို့ပြင် ခရစ်ယာန်ဘာသာဝင်တို့ အလေးအမြတ်ပြုကြသည့် ဒီဇင်ဘာ ၂၅ရက်(ခရစ္စမတ်နေ့) ကလည်းရှိနေ သေးရာဒီဇင်ဘာလဒုတိယ၊တတိယ ပတ်များမှသည် ဇန်နဝါရီလ ပထမပတ်ထိ နှစ်သစ်ကူးရုံးပိတ်ရက်ရှည် ကာလအဖြစ် သတ်မှတ်ပေးထားသည့် နိုင်ငံအများအပြား တွေ့ရှိရပါသည်။

တရုတ်လူမျိုးတို့ကလည်း ဇန်နဝါရီလကုန်ပိုင်းမှသည် ဖေဖော်ဝါရီလဆန်းပိုင်းအတွင်း ၎င်းတို့၏နှစ်သစ်ကူးပွဲတော်ကာလ ကျင်းပလေ့ရှိကြပါသည်။ ကမ္ဘာအရပ်ရပ်မှာ ရောက်ရှိနေကြသော တရုတ်လူမျိုးအပေါင်းတို့မှာ မိသားစုဝင်များရှိရာ တရုတ်ပြည်မကြီး၊ ဟောင်ကောင်နှင့်ထိုင်ဝမ်တို့သို့ အလုံးအရင်းနှင့်ပြန်ကြ၍ ပွဲတော်ဆင်နွှဲကြပြီး လာရာအရပ်သို့ ပြန်သွားလေ့ရှိကြပါသည်။ ထို့ကြောင့် တရုတ်လူမျိုးတို့၏နှစ်သစ်ကူးပွဲတော်ကာလဝယ် တစ်လခန့်ကြာအောင် အလုပ်ရပ်နားထားတတ်ကြပါသည်။ တရုတ်လူမျိုးအများအပြားရှိနေကြသည့် ထိုင်း၊ စင်ကာပူ စသည့်နိုင်ငံများတွင်လည်း နှစ်သစ်ကူး အချိန်ကာလနားရောက်ရှိလာလျှင် လုပ်ငန်းများခေတ္တရပ်နားထားကြသည်ကို ကြုံတွေ့ရတတ်ပါ၏။

ကျွန်တော်တို့မြန်မာလူမျိုးများကား ဒီဇင်ဘာ ၃၁ရက် ညမှာလည်း နှစ်သစ်ကူးညစာစားပွဲကျင်းပခြင်း၊ သန်းခေါင်ရောက်ခါနီးတွင် စက္ကန့်ရေတွက် (Count Down) လုပ်ခြင်း၊ နှစ်သစ်ကူးစက္ကန့်ရောက်သည်နှင့် "Happy New Year" ဟု အော်ဟစ်ခြင်း၊ ဗျောက်အိုးနှင့် မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းတို့ကို အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်းနှင့်အညီ လိုက်နာကျင့်သုံးလာတတ်ကြသည်မှာ လေးငါးနှစ်ရှိလာခဲ့ပါပြီ။ ကျွန်တော်တို့၏ တကယ့်ရိုးရာ နှစ်သစ်ကူးပွဲတော်ကတော့ အတာသင်္ကြန်ကာလပင်ဖြစ်ပါသည်။ သင်္ကြန်အကြိုနေ့၊ အကျနေ့၊အကြတ်နေ့(အချို့နှစ်များတွင် အကြတ် ၂ရက်ရှိ) အတက်နေ့နှင့် နှစ်ဆန်းတစ်ရက်နေ့တို့သည်သာ ဗမာ့ရိုးရာ(မြန်မာ့ရိုးရာ)နှစ်သစ်ကူးကာလဖြစ်ပါ၏။

ယခင်အခါက သင်္ကြန်အခါတွင်း ရုံးပိတ်ရက်ကို သင်္ကြန်အကြိုနေ့မှသည် နှစ်ဆန်းတစ်ရက်နေ့အထိ ၅ရက် (အများဆုံး ၆ရက်)သတ်မှတ်ပေးခဲ့ပါသည်။ စစ် အစိုးရလက်ထက်ကျမှသာ နှစ်သစ်ကူးရုံးပိတ်ရက် ၁၀ရက် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ခြင်းဖြစ်ပါသည်။ တကယ်တမ်းပြောရလျှင်တော့ သင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက်ကို ၅ရက်သာ သတ်မှတ်ပေးခြင်းသည် အစိုးရရုံးဌာနများမှ ဝန်ထမ်းများဖြစ်စေ၊ ပုဂ္ဂလိကကုမ္ပဏီဝန်ထမ်းများဖြစ်စေ ခရီးသွား၍အဆင်မပြေပါ။ သင်္ကြန်အကြိုနေ့မတိုင်ခင်တစ်ရက်မှာ အားလုံးပြုံ၍ထွက်ခွာကြ၊ နှစ်ဆန်းတစ်ရက်မှာ အားလုံးပြုံ၍ ဝင်လာကြ. . လုပ်ရမည်ဖြစ်ပေရာ ထို ၂ရက်မှာ ထွက်နိုင်သမျှ ကား၊ ရထား၊ သင်္ဘောများနှင့် လေယာဉ်များအရေးအတွက်သည် သွားလာစီးနင်းလိုသူ ခရီးသည်အရေအတွက်နှင့် မည်သို့မျှမမျှတနိုင်ပါချေ။ သင်္ကြန်အကြိုနေ့မတိုင်မီ အနည်းဆုံးတစ်ရက်စော၍ ရုံးပိတ်ခြင်း၊ နှစ်ဆန်းတစ်ရက်ကိုလွန်၍ အနည်းဆုံး ၄ရက်ခန့်ရုံးပိတ်ပေးခြင်းတို့ကို ပြုလုပ်ပေးမှသာ ယာဉ်များနှင့် ခရီးသွားများ မျှတကိုက်ညီသွားနိုင်ပါမည်။ အစိုးရရုံးဌာနများသာ သင်္ကြန်နှစ်သစ်ကူးကာလတွင် ရုံးပိတ်ရက် ၁၀ရက် အပြည့်အဝရရှိကြပြီး ပုဂ္ဂလိကလုပ်ငန်းများ၊ ကုမ္ပဏီများအများစုတို့မှာ နှစ်ဆန်း ၂ရက်နေ့တွင်စတင်၍ အလုပ်ပြန်ဖွင့်တတ်ကြပါသည်။

နိုင်ငံ့ဝန်ထမ်းများမှာ တစ်ပတ်လျှင် စနေ၊ တနင်္ဂနွေ နှစ်ရက်ရုံးပိတ်ထားကြသည်ဖြစ်ရာ တစ်နှစ်လုံးရုံးပိတ်ရက်များ (အခါကြီးရက်ကြီးများ နှစ်သစ်ကူးရုံးပိတ်ရက်များ၊ ပြန်တမ်းဝင်ရုံးပိတ်ရက်များ၊ ဒီပါဝလီနေ့နှင့် အစ်နေ့အပါအဝင်) ၂၀၁၇ နှစ်ထဲတွင် ၁၂၆ ရက်ရှိပါသည်။ ပြည်ထောင်စုနေ့၊ တပေါင်းလပြည့်နေ့နှင့် ဝါဆိုလပြည့်နေ့တို့မှာ စနေ၊ တနင်္ဂနွေနေ့များနှင့်တိုက်ဆိုင်နေ၍ ၁၂၆ရက်ဖြစ်သွားရပါသည်။ ထို ၃ရက်သာ ကြားရက်ဖြစ်ပါလျှင် ရုံးပိတ်ရက်ပေါင်း ၁၂၉ ရက်ပင်ဖြစ်သွားပါမည်။

ပြက္ခဒိန် (ရိုးရိုးနှစ်)မှာ ၃၆၅ ရက်သာရှိရာ ရုံးပိတ်ရက် ၁၂၆ရက်ရှိလျှင် ပြက္ခဒိန်နှစ်တစ်နှစ်၏ သုံးပုံတစ်ပုံထက်ပင် ၄ရက်ခန့်များနေပါသေးသည်။ အကြမ်းအားဖြင့်ပြောရလျှင် နိုင်ငံ့ဝန်ထမ်းများမှာ ၂၀၁၇ ခုနှစ်အတွင်း ၂ရက် အလုပ်လုပ်ပြီးတိုင်း ၁ရက်နား(ရုံးပိတ်)ပေးသည့်သဘောဖြစ်နေပါတော့သည်။ ပုဂ္ဂလိကဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းအများစုမှာတော့ တစ်ပတ်လျှင် တနင်္ဂနွေတစ်ရက်သာ ပိတ်လေ့ရှိရာ ဌာနဆိုင်ရာ ဝန်ထမ်းများလောက် ပိတ်ရက်မခံစားရပါ။

သင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက် ၁၀ရက်နှင့်စနေ၊ တနင်္ဂနွေ ပုံမှန်ရုံးပိတ်ရက်များ ပေါင်းလိုက်လျှင် ဧပြီလ၌ ရုံးပိတ်ရက် ၁၈ရက်၊ ရုံးဖွင့်ရက် ၁၂ရက်သာရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ဧပြီလအတွင်းတွင် ရုံးပိတ်ရက်၊ ဘဏ်ပိတ်ရက်များ များပြားလှပေရာ အပေါ်ယံတွေးကြည့်လျှင်ပင် လုပ်ငန်းတော်တော်များများ ရပ်နားခြင်း၊ နှောင့်နှေးကြန့်ကြာခြင်းများကြုံတွေ့ရဖို့ မြေကြီးလက်ခတ်မလွဲဖြစ်နေပါတော့သည်။ သင်္ကြန်ရုံးပိတ်ရက်မတိုင်မီ နှစ်ရက်ခန့်မှာလည်း ရုံး၊ ဌာနတိုင်းလိုလိုမှာ အကျွေးအမွေးများ၊ ရေပက်ခြင်းများနှင့် အလုပ်ကိုသိပ်အာရုံ မစူးစိုက်နိုင်ကြတော့ကြောင်း တွေ့ရကြုံရတတ်ပါသည်။ ရုံးပြန်ဖွင့်စရက်များမှာလည်း အလုပ်ကို သိပ်စိတ်မဝင်စားကြသေးပါ။

ယခုအခါတွင် သင်္ကြန်ရုံးပိတ်ရက်ကို ၅ရက်အထိ ပြန်လျှော့ချရန်နှင့် ကျန် ၅ ရက်ကိုအခြားသောအခါကြီး၊ ရက်ကြီး ရုံးပိတ်ရက်များနှင့် ပေါင်းပေးရန် လွှတ်တော်၌ အဆိုတင်သွင်းမည်ဟု ကြားသိနေရပါသည်။သင်္ကြန် အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့ထိ ယာဉ်လိုင်းအများစု ရပ်နားထားတတ်ကြပေရာ ထိုရုံးပိတ်ရက်ကာလတွင် ခရီးသွားကြမည့်ဝန်ထမ်းများ ကြီးမားသောအခက်အခဲ ကြုံတွေ့နိုင်ပါသည်။ ၅ရက်သာ ရုံးပိတ်မည်ဆိုလျှင် နှစ်ဆန်း ၂ရက်နေ့မနက်၌ ရုံး ပြန်တက်ရမည်ဖြစ်ပေရာ ၂ရက်၊ ၃ရက်သွားမှ ဇာတိရပ်ရွာပြန်ရောက်နိုင်မည့်သူများအတွက်တော့ မည်သို့မျှမဖြစ်နိုင်တော့ပါချေ။

ဒီဇင်ဘာနှစ်သစ်ကူးလာနှင့် တရုတ်နှစ်သစ်ကူးကာလတို့မှာ ကမ္ဘာ့နိုင်ငံအတော်များများ၌ လက်ခံကျင့်သုံးလျက်ရှိကြသည့် ဓလေ့ထုံးစံများဖြစ်နေလေရာ ထိုအချိန်ကာလများတွင် လုပ်ငန်းများရပ်နား၊ ဘဏ်များပိတ်ထားကြမည်ကို လူတိုင်းက သိရှိနားလည်၍ ကြိုတင်ပြင်ဆင်မှုများ စီမံဆောင်ရွက်ထားတတ်ကြပါသည်။ ဧပြီလ သင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက်မှာမူ မြန်မာနိုင်ငံတစ်နိုင်ငံထဲဖြစ်နေ၍ အခြားနိုင်ငံများနှင့်ညှိနှိုင်း၍အဆင်မပြေနိုင်ပါ။ (ထိုင်းနိုင်ငံတွင်လည်း (ဆုံခရမ်ဟုခေါ်သည်ထင်ပါသည်)ရေသဘင်ပွဲကျင်းပလေ့ရှိသော်လည်း မြန်မာနိုင်ငံကဲ့သို့ ရုံးပိတ်ရက်များမပါ။) ထို့ကြောင့် ပြည်ပလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများမှာ မြန်မာနိုင်ငံနှင့်ဆက်သွယ်လုပ်ဆောင်ကြရာတွင် ဧပြီလ၌ အခက်အခဲကြုံတွေ့ရတတ်ပါသည်။

သင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက်ကို ၁၀ရက်မှ ၅ရက်သို့ လျှော့ချသတ်မှတ်လိုပါလျှင် ဝန်ထမ်းများခရီးသွားလာရာ၌ ကြုံတွေ့ရမည့် အခက်အခဲပြဿနာများကို ထည့်သွင်းစဉ်းစားပြီး နည်းလမ်းရှာဖွေဆောင်ရွက်သင့်ပါသည်။ ရုံးပိတ်ရက်ကို မူလအတိုင်း ၁၀ရက်သာ ဆက်လက်ထားရှိမည်ဆိုပါလျှင်လည်း လုပ်ငန်းပိုင်းနှောင့်နှေး ကြန့်ကြာမှုများ၊ မလိုအပ်ဘဲ လုပ်ငန်းရပ်နားထားရခြင်းများ၊ အလုပ်မဖြစ်ဘဲ စရိတ်စကပိုမိုကုန်ကျနေခြင်းများအတွက် အသက်သာဆုံး၊ အကောင်းဆုံး အခြေအနေတစ်ရပ်ကို ရှာဖွေကျင့်သုံးသင့်ပါသည်။ မိမိတို့လိုလားကြည်ဖြူစွာ ထောက်ခံအားပေးခဲ့သည့် အစိုးရကို ပြည်သူတွေ မကောင်းထင်၊ အဆိုးမြင်မည့် အဖြစ်မျိုး မရောက်ရလေအောင် အားလုံးအဆင်ပြေသင့်တော်မည့် Win-Win Solution ကို ရှာဖွေဖော်ထုတ်ကြပါရန် တင်ပြလိုက်ပါသည်■

မှန်ဘီလူး

www.free4reader.com





# အကယ်ဒမီကံက လင်မယားချင်းတောင် မတူကြပါဘူး

## ပြေတီဦး

ခုတစ်ပတ် ပြေတီဦးရဲ့ရိုက်ကွင်းကိုရောက်တဲ့အခါ ရှုတင်ကိုကြည့်မှတ်တမ်းဓာတ်ပုံရိုက်ရင်း အကယ်ဒမီအကြောင်းစဉ်းစားနေမိပါတယ်။ တစ်ခါကဆောင်းပါးတစ်ခုမှာ ဖတ်ရသလိုပါပဲ။ အနုပညာရှင်တွေအနေနဲ့ လာဌားသမျှ ကားအကုန်ရိုက်ပြီး အဲဒီထဲမှာ အနုပညာကျန်မယ့်ကားထက် ကိုယ့်အတွက်ပိုက်ဆံရမယ့်ကားကပဲ များနေတဲ့အခါ နှစ်တွေသာ များစွာကုန်သွားတယ်၊ ဒုံရင်းကဒုံရင်းပဲဖြစ်ပြီး အသက်ကြီးသွားတဲ့ အနုပညာရှင်တွေလည်း ရှိကြပါတယ်။ အဲဒီထဲက ပြေတီဦးကတော့ သူရိုက်သမျှကားတိုင်းကို အကောင်းဆုံးကြိုးစားလေ့ရှိတယ်ဆိုတာ လူတိုင်းသိကြပါတယ်။ ယုတ်ဆွအဆုံး မကြာခင်ကရုံတင်သွားတဲ့ ဒါရိုက်တာကျော်ဇောလင်း(အတွေးပုံရိပ်)ရဲ့ 'ပဲခူးဆားနှင့်သူ၏ဗိုင်းရပ်စ်'များ ဟာသရုပ်ရှင်မှာလည်း သူမတူအောင် အစွမ်းပြသွားခဲ့ပါတယ်။ အဲဒီလိုပဲ ဒရာမာရုပ်ရှင်တွေမှာလည်း ဇာတ်ရုပ်ကိုပီပြင်စွာသရုပ်ဆောင်နိုင်တာမို့ မနှစ်ကဆိုရင်ဒါရိုက်တာပိုင်းရဲ့ 'နှလုံးသားဖြင့်ပြုလုပ်သည်'ရုပ်ရှင်နဲ့ဇာတ်ဆောင်ဆုရခဲ့ပေမယ့် ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)ရဲ့တိုက်ဆိုင်မှုရိုလျှင်ရုပ်ရှင်နဲ့ပေးလျှင်လည်း ရနိုင်ခဲ့ပါတယ်။ ဆိုလိုတာက သူ့အတွက်ရောက်လာတဲ့အနုပညာတာဝန်ကို ကားတိုင်းမှာ ရေကုန်ရေခမ်း ကြိုးပမ်းလေ့ရှိတာကို တွေ့မိတာပါ။

ပြေတီဦးနဲ့အိန္ဒြာကျော်ဇင်တို့ ကအိမ်ထောင်ရှင် အနုပညာရှင်များဖြစ်ကြသော်လည်းတစ်ယောက်နဲ့တစ်ယောက်အကယ်ဒမီကံမတူကြပါဘူး။ ပြေတီဦးက ဒါရိုက်တာဝိုင်းရိုက်တဲ့ ရုပ်ရှင် ၄ကားနဲ့ ဇာတ်ဆောင်ဆု ၄ဆုရခဲ့ပြီးတစ်ကြိမ်ထွက်တဲ့နှစ်လည်းရသလို မထွက်တဲ့နှစ်မှာလည်းရသည်အထိ အကယ်ဒမီကံကြီးတဲ့သူပါ။ အိန္ဒြာကျော်ဇင်ကတော့ အကယ်ဒမီနဲ့နှစ်ပေါင်းများစွာလွဲပြီးတော့မှရခဲ့ပြီး ခုနောက်ပိုင်းနှစ်တွေမှာလည်း ဆက်တိုက်လွဲခဲ့တာတွေရပါတယ်။ ဒါကြောင့်အကယ်ဒမီအင်တာဗျူးတစ်ခုကို ဒါရိုက်တာနေလင်းရဲ့ 'ဝရှိုလို့ ဝိလုပ်တယ်'ဗီဒီယိုရိုက်ကွင်းပေါ်မှာ ပြေတီဦးနှင့်. .

**ပြေကြီးရဲ့ဒီနှစ်အကယ်ဒမီခံစားမှု**

လွတ်လပ်ပေါ့ပါးပျော်ရွှင်လျက်ရှိပါတယ်။ ဘာကြောင့်ဆို ဒီနှစ်ကျွန်တော့်ရုပ်ရှင် တစ်ကားမှမပါလို့ပါ။

**ပြေကြီးနဲ့အုပ်ဲက အကယ်ဒမီကံတော့ လုံးဝမတူကြဘူးနော်။ အဲဒီအပေါ် ဘယ်လိုမြင်လဲ။**

ဒါကြောင့် လူဆိုတာ သူ့အကျိုးပေး၊ သူ့ကံကြမ္မာနဲ့သူ လာကြတာလို့ပြောကြတာပါ။ ဒါတွေက ကိုယ့်ရဲ့ကျိုးစားမှုနဲ့ ပြုပြင်ပြောင်းလဲလို့လည်း မရပါဘူး။ အနီးစပ်ဆုံးဥပမာကို အုဝဲနဲ့ပဲပေးပါရစေ။ အကယ်ဒမီကံဇာတာမှာ ကျွန်တော်တို့က အုဝဲတို့ထက် အများကြီးကံကောင်းတယ်။ ဒါပေမယ့် အုဝဲက ကျွန်တော့်ထက် အခြားနေရာတွေမှာ ကံကောင်းခဲ့တာတွေလည်း အများကြီးရှိပါတယ်။ မင်းသမီးဖြစ်ဖို့ ခက်ခက်ခဲခဲမကြိုးစားခဲ့ရဘူး၊ တဲလန့်စ်နဲ့ပါရမီပါလာတယ်။ အလွယ်တကူသင်ယူတတ်မြောက်တယ်။ ချက်ချင်းလည်း အောင်မြင်တယ်။ သူ့ရဲ့ဘဝမှာခက်ခဲကြမ်းတမ်းတယ်ဆိုတာ ဘာမှမရှိခဲ့ဘူး။ အဲဒီနေရာတွေမှာ ကျွန်တော်တို့ထက်အဆပေါင်းများစွာ ကံကောင်းခဲ့ပါတယ်။ ကျွန်တော်ဆိုရင် မင်းသားမဖြစ်ခင် ဇာတ်ပို့အနေနဲ့ ဖြတ်သန်းခဲ့ရတာတွေ၊ မင်းသားသုငယ်ချင်းရိုက်ရတာတွေ၊ အောင်မြင်မှုဆိုတာကလည်း အတော်ကြီးမှာပါ။ နှစ်ပေါင်းများစွာ ဒုပေဒုက္ခပေါင်းကြိုးစားပြီးမှ ပရိသတ်လက်ခံတဲ့အနေအထားတစ်ခုကိုရောက်ခဲ့တာပါ။ ဒါကြောင့် ကံဇာတာအကျိုးပေးမတူကြပါဘူး။ ဒါတွေကို နားလည်ပြီး လက်သင့်ခံနိုင်ကြဖို့ပဲလိုပါတယ်။

**ပြေကြီးတို့ရဲ့ အကယ်ဒမီပွဲတက်ဖက်ရှင်ကတော့ ဒီဇိုင်နာ ViVidပေါ့ပါ။ ဒါပေမယ့် ဒီနှစ်မှာ ဘယ်သူကရွေးဘယ်လောက်သားပါတဲ့ဖက်ရှင်နဲ့တက်မယ်ဆိုတာမျိုးရှိနေတော့ ပြေကြီးတို့ရော အဲလိုဝတ်မလား။**

(ရယ်ပါသည်) ကျွန်တော်ကတော့ အကယ်ဒမီဝတ်စုံဆိုလည်း အရိုးဆုံးပဲဝတ်တာပါ။ တိုက်ပုံမှာတောင် ဒီဇိုင်းပါရင် မကြိုက်ဘူး။ ဖြောင့်ပဲဝတ်ပါတယ်၊ ဒါကြောင့်လည်း ဝတ်စုံမှာ ထူးခြားဆန်းကြယ်တာတွေ မပါပါဘူး။ နှစ်တိုင်းလည်း ရိုးရှင်းတဲ့ဝတ်စုံနဲ့ပဲ အကယ်ဒမီပွဲတက်ခဲ့ပါတယ်။

**၂၀၁၆ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု ဘယ်သူရမယ်လို့ကြားပါသလဲ။ ထင်ပါသလဲ။**

ကြားနေတာတော့ ထွန်းထွန်း၊ မြင့်မြတ်၊ နေတိုး စသဖြင့်ပေါ့။ ဇာတ်ပို့ဆိုလည်း ဦးဇင်ဝိုင်း၊ ကိုလူမင်း စသဖြင့် ကြားပါတယ်။

**ကိုယ်တိုင်ဆုရမယ်လို့ ထင်တဲ့နှစ် ဆုရနိုင်တဲ့ကိုယ့်ကားရုံတင်ထားတဲ့နှစ် ပွဲတက်ရတာနဲ့ ခုလို ကိုယ့်ကားမပါဘဲ ပွဲတက်ရတဲ့နှစ်ရဲ့ ခံစားမှုကရော။**

ကျွန်တော်က ကိုယ့်ကားတွေပါတဲ့နှစ်ကလည်း အကယ်ဒမီပွဲကို စိတ်ပေါ့ပေါ့ပါးပါးနဲ့ပဲတက်ပါတယ်။ လောကကြီးမှာ အကောင်းဆုံးအရာတွေချည်းကိုပဲ မျှော်လင့်ထားတာတွေမရှိဘူး။ မရခဲ့ရင် အရမ်းပင်ပန်းလို့ပါ။ ဒီတော့ လုပ်စရာရှိတာကို အကောင်းဆုံးဖြစ်အောင်ကြိုးစားတယ်။ အဲဒီအတွက် ကိုယ့်လိပ်ပြာကိုယ်သန့်ရင်ပြီးပါပြီ။ အဲဒီအပေါ်က ရလာတဲ့ အကောင်းအဆိုးရလဒ်အားလုံးကို လက်ခံနိုင်ပါတယ်။ ဘဝမှာ အဆိုးဆုံးတွေကိုလည်း ဖြတ်သန်းခဲ့ရပြီးတော့ ဘာပဲလာလာ ခံနိုင်ရည်ရှိနေပါပြီ။

**တစ်ခုမေးချင်ပါသေးတယ်။ ပြေကြီး တင်းနှစ်ရိုက်တာ ဝါသနာအရပဲလား။ မြိုင်ပွဲဝင်တာမျိုးရောရှိလား။ လက်ရွေးစင်ဖြစ်ဖို့အထိ မှန်းထားလား။**

အဲလိုတော့ မရှိပါဘူး။ ဝါသနာအရပါပဲ။ မြိုင်ပွဲတွေကတော့ အဆင်ပြေသလို ရိုက်ဖြစ်ပါတယ်။ ခုလည်း အင်းလျားလိတ်နားက အိတာလျံဆိုင်က ကျင်းပတဲ့ပွဲပါ။ ပိုင်ရှင်လင်မယားက တင်းနစ်ခရေဇီဖြစ်ပြီး နိုင်ငံခြားသားတွေမြိုင်ကြတာများတယ်။ ဒီနှစ်က ၁၀နှစ်ပြည့်မို့ လာမြိုင်ပေးပါပြောလို့ အခုမြိုင်ပွဲဝင်နေပါတယ်■



www.free4reader.com



စာမျက်နှာ ၂၄ မှအဆက်. . .

အဲလို အယူအဆမတူကြသူများရဲ့ စုစည်းညီညွတ်စွာဆုံတွေ့ကြသော နေရာဌာနအဖြစ်နဲ့သာ တက္ကသိုလ်သမဂ္ဂအဆောက်အအုံဟာ ဖြတ်သန်းလာခဲ့ရတယ်ဆိုတဲ့ အနှစ်သာရကိုတော့ မမေ့သင့်မမေ့အပ်ပါဘူးဆိုတာ ပြောပြလိုရင်းပဲဖြစ်တာပါရှင်။

လူမိုက်တွေတောင် မကောင်းမှုလုပ်ဖို့ဆိုရင် ညီညွတ်နိုင်ကြသေးတဲ့ သာဓကတွေကို သင်ခန်းစာယူပြီး(အဟီးဟိ)လူ့ပညာတတ် မျိုးဆက်သစ်လူငယ်တွေက အဲ့လောက်တောင် သဘောထားမညီညွတ်ကြသေးဘူးဆိုရင်တော့ ကိုယ့်ကြမ္မာကိုယ်မဖန်တီးမိကြဖို့ပဲဖြစ်ပါတယ်ပေါ့နော်။

အဲ. . ဒီဆောင်းပါးလေးပရပ်နားခင် သခင်ဗစိန်ရဲ့သဘာဝကို နည်းနည်းလေးဖြည့်ပြီးပြောပါရစေရှင်။

အဲ. . သခင်ဗစိန်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးဟာ 'မာခ်အိန်ဂျယ် ကြေညာစာတမ်းကြီး'ကို ယုံကြည်သက်ဝင်စွာနဲ့ မြန်မာပြန်ခဲ့သူဖြစ်ပါတယ်။ အဲ့စာတမ်းကြီးကို ပရုဖတ်ပေးခဲ့သူကတော့ နောင်မှာ ဗိုလ်ချုပ်ကြီးနေဝင်း ဖြစ်လာမယ့် လူပုံနွဲ့နွဲ့နဲ့အိမ်ထောင်ရှင်လူငယ်လေး သခင်ရှုမောင်ဖြစ်ပါတယ်။

နောင်မှာ ဂျပန်နဲ့အဆက်အသွယ်ရှိလို့ဆိုပြီး အစိုးရကသူ့ကိုလိုက်ဖမ်းတဲ့အခါ (အဲ့တုန်းက ယိုးဒယားလို့ခေါ်တာပေါ့နော်)အဲ့ ထိုင်းနိုင်ငံ၊ ဘန်ကောက်ကတစ်ဆင့် တိုကျိုကိုသွားမယ့် အစီအစဉ်ကိုဆွဲပြီး မြန်မာပြည်ကရှောင်ထွက်ဖို့ အကြံကြီးကြံစည်ခဲ့သူလည်းဖြစ်ပါတယ်။ သခင်ဗစိန်ရဲ့ အကြံကြီးကြံစည်ပုံက သူနဲ့ရင်းနှီးတဲ့ထိုင်းအိမ်ရှေ့မင်းသား 'ဒမ်မရောင်း'ကို မြန်မာပြည်အလည်ခေါ်မယ်။ ထိုင်းမင်းသားပြန်တဲ့အခါ နှစ်နိုင်ငံနယ်ခြားက အမှတ်တရအဖြစ်လမ်းလျှောက်စေပြီး ပြန်ဖို့အကြံပေးမယ်။ အဲ့အခါကျ သူပါရောပြီးထိုင်းမင်းသားအဖွဲ့နဲ့ ဘန်ကောက်ကို မသိမသာလိုက်သွားမယ်လို့ ကြံစည်ထားသူပေါ့နော်။ အဲ့ကမှ တိုကျိုကို ဝေဟင်ကနေလေယာဉ်စီးပြီး လစ်မယ်လို့ကြံစည်းထားသူပေါ့နော်။

ဒါပေမယ့် အင်္ဂလိပ်အစိုးရက တောက်လျှောက်သူ့နောက်ကိုလိုက်နေတော့ ရန်ကုန်ကနေရှောင်သလိုလည်းဖြစ်အောင်၊ ထိုင်းမင်းသားမလာခင် သူဖြတ်ရမယ့်နယ်စပ်အခြေအနေကိုလည်းသိအောင်ဆိုပြီး မော်လမြိုင်ကို မီးရထားနဲ့ခရီးသွားပြီးထွက်လာခဲ့ပါတယ်။ သူ့ကိုလမ်းပြလုပ်ဖို့ နယ်ခံဖြစ်တဲ့ 'အလီဟူစိန်'ဆိုတဲ့ကုလားလေးကိုလည်း ငှားလိုက်ပါသေးတယ်။ ဒါပေမယ့် သူငှားတဲ့'အလီဟူစိန်'က ပုလိပ်ဖြစ်နေမှန်း မသိရှာတော့ သူ့အသွားအလာတွေကြောင့် မော်လမြိုင်အချုပ်ထဲ မြန်းခဲ့ရှာပါတယ်။ အင်္ဂလိပ်ကိုရှောင်ပြီး တိုကျိုကိုလစ်မယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ လှုပ်ရှားမိခဲ့တဲ့ သခင်ဗစိန်ဟာ မော်လမြိုင်အချုပ်ကနေ မုံရွာထောင်အထိပြန်ရောက်သွားပြီး အင်္ဂလိပ်အပြေး၊ ဂျပန်အဝင်ကာလရောက်မှ ထောင်ကထွက်လာနိုင်ခဲ့သူအဖြစ်လည်း မှတ်တမ်းတင်ရမယ့်သူဖြစ်ပါတယ်။

အဲ့ သခင်ဗစိန်ဟာ 'မာ့ခ်စ်အိန်ဂျယ်'ဝါဒကို ကြိုက်နှစ်သက်သလို မဟတ္တမဂန္ဒီကြီးရဲ့ နှလုံးအေးငြိမ်းရာတရားကိုလည်း နှစ်သက်သူဖြစ်လာပြန်တာကြောင့် 'ဂန္ဒီစိန်'ဆိုတဲ့အမည်သစ်ကို သူကိုယ်တိုင်ကင်ပွန်းတပ်ပြီး နာမခံယူခဲ့သူလည်းဖြစ်ပါတယ်။

အဲ၊ ဒါတင်မကသေးပါဘူး။ ဂျပန်ခေတ်ကာလထဲမှာလည်း ဂျပန်နဲ့တည့်လားဆိုတော့ မတည့်ပြန်ပါဘူး။ ဂျပန်ကလည်းသူ့ကို ပြည်နှင်ဒဏ်အဖြစ် ဂျာဗားကျွန်းကိုပို့လိုက်ပြန်တော့ 'ဂျာဗားစိန်'ဆိုတဲ့အမည်တစ်ခု ထပ်တိုးလာခဲ့သူလည်းဖြစ်ပြန်ပါတယ်။

အဲပေါ့နော်။ အခုပြောခဲ့သလို နိုင်ငံရေးကာလတစ်ခုကို ဖြတ်သန်းခဲ့ကြချိန်မှာ ကိုယ်ယုံကြည်ရာကို ကိုယ်လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသူတွေဟာ ဘယ်လိုအခြေအနေအကြောင်းတရားနဲ့ကြုံရသည်ဖြစ်စေ၊ အဲ့ပုဂ္ဂိုလ်ကြီးတွေရဲ့ ရေခံမြေခံနိုင်ငံရေးအစတည်ခဲ့ရာဟာ တက္ကသိုလ်သမဂ္ဂကြီးဖြစ်ခဲ့တယ်။ အဲ့ပုဂ္ဂိုလ်ကြီးတွေဟာ အခုအချိန်မှာ သက်ရှိထင်ရှားမရှိကြတော့ပြီဖြစ်သလို သူတို့ကဲ့သို့ တက္ကသိုလ်ကျောင်းသားသမဂ္ဂအဆောက်အအုံကြီးဟာလည်း အထင်အရှားရှိတော့တာမဟုတ်ပေမယ့် စက္ခုအမြင်နဲ့ မမြင်ကြရတော့ပြီဖြစ်တဲ့ သမိုင်းအရိပ်တွေထဲမှာ သူတို့သူတို့တွေရဲ့ ဝိညာဉ်လိုင်းတွေဟာ ရောကာ၊ ယှက်ကာ၊ လူးကာ၊ ခွာကာနဲ့ လှုပ်ရှားနေကြမှာပါလားလို့ မှန်းကြည့်မိတယ်။

ဒါကြောင့် ဒီကနေ့မှာ အနာဂတ်ကိုယုံကြည်သူများဟာလည်း တစ်သွေးတစ်သံတစ်မိန့်ကြောင့် ညီညွတ်ကြရသည်ထက် အမြင်အယူ မတူညီကြသူတွေဖြစ်ပေမယ့် ဘုံယုံကြည်ရာအတွက်ဆိုရင် ဘာအမိန့်မှ ခံယူစရာမလိုတဲ့ စုစည်းညီညွတ်ကြသူများအ ဖြစ် 'သမဂ္ဂ'ဆိုတဲ့အနှစ်သာရအတိုင်း အမွေဆက်ခံပြီး ရှေးရှေးက နိုင်ငံကိုချစ်မြတ်နိုးကြတဲ့ နောင်တော့်နောင်တော်ကြီးများကို သက်သေထူပြကြပါလားလို့ တိုက်တွန်းပရစေရှင်■

ဂါဂါဂူး

# ကျော်ထူး
# လောကနတ်ကြီး
# မျက်ရည်ဝနေပြီ

ကျွန်တော်တို့မြန်မာနိုင်ငံကြီး၏ အထင်ကရ နေ့ထူးနေ့မြတ်တွေများစွာရှိခဲ့ဘူးကြပါသည်။ ထိုအထင်ကရ နေ့ထူးနေ့မြတ်များအား ပွဲတော်ကြီးများသဖွယ် သတ်မှတ်ကျင်းပခဲ့ကြသည်များကိုလည်းပဲ ကျွန်တော် သိရှိမှတ်ယူ တွေ့ကြုံခဲ့ဖူးပါသည်။

ထိုအမျိုးမျိုးသော အထင်ကရ နေ့ထူးနေ့မြတ်များသည် မသိမသာ၊ သိသိသာသာတွေနဲ့ ကွယ်ပျောက်မေ့လျော့ခြင်းတွေနဲ့ ကွယ်ပျောက်လုနီးပါးတွေ ဖြစ်သွားရပါသည်။

ထိုသို့ ပျောက်ပျက်မှုတွေဟာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ရပြီး ဘယ်သူတွေက ဘယ်လို ကွယ်ပျောက်သွားစေရန် ပြုမူဆောင်ရွက်ခဲ့သည်ကိုတော့ဖြင့် အသိဉာဏ်ရှိသူ၊ အရွယ်ရောက်သူတိုင်း သိရှိနားလည်ကြလိမ့်မည်ဟုလည်း၊ ကျွန်တော်ထင်မိပါသည်။

ထိုအထင်ကရ နေ့ထူးနေ့မြတ်များ ဖြစ်ပေါ်လာစေရန် သတ်မှတ်စေရန်၊ ရှေးမဆွကတည်းက သွေး ချွေးတွေပေးဆပ်ခဲ့ကြကာ အစဉ်အဆက်ထိန်းသိမ်းလာခဲ့ကြ၍သာ တည်မြဲလျက်ရှိပြီး ရပ်တည်သတ်မှတ်ခဲ့ကြပါသည်။

ထိုကဲ့သို့တွေအထဲကမှ ၂၂-၂-၂၀၁၇ ရက်နေ့ အမျိုးသားဇာတ်ရုံ (ရန်ကုန်)၌ ထူးထူးခြားခြားပွဲတစ်ခုအား ကျင်းပမည်ဖြစ်ကြောင်း အွန်လိုင်းပေါ်၌ အမှတ်မထင်တွေ့မြင်လိုက်ရပါသည်။ ထိုပွဲကတော့ဖြင့် နိုင်ငံတော်အစိုးရမှ ကြီးမှူးကျင်းပသတ်မှတ်ပေးထားသော ပွဲမဟုတ်ပါ။ မြန်မာနိုင်ငံရှိ သဘင်ပညာရှင်များအစည်းအရုံးမှ ကြီးမှူးကျင်းပသော သဘင်သက်ကြီးပူဇော်ပွဲနှင့် သဘင်သီချင်းဆုချီးမြှင့်ပွဲကြီးပဲ ဖြစ်ပါတော့သည်။

ထိုပွဲကြီးကို ကျွန်တော်ရိုက်ကွင်းတစ်ခုမှ မဖြစ်မနေရအောင်သွားမည်ဟု ဆုံးဖြတ်ခဲ့ပြီး ညနေ ၅နာရီကျော်ကျော်လေး၌ ရောက်ရှိသွားခဲ့ပါသည်။ အမျိုးသားဇာတ် ရုံကြီး၏အဝင်ပေါက်နဲ့ဇာတ်ရုံအတက်ဆင်းလှေခါးထစ်များအပေါ်၌ လှပသောကာလာ၊ လှပသောစာလုံးများနဲ့ ဆက်တင်ဖွဲ့စည်းထားသည်ကို တွေ့မြင်လိုက်ရသလို မြို့နယ်အလိုက်၊ သဘင်သက်ကြီးပညာရှင်တွေကို ကြို/ပို့ လုပ်ရန်ကားဖယ်ရီတွေ စီစဉ်ထားသည်ကိုပါ ပူးတွဲမြင်တွေ့လိုက်ရပါသည်။

ယခင်တုန်းကဆိုလျှင် ပဲခူးဘုရားပွဲတော်၌သာ တစ်နှစ်တစ်ခါကျင်းပပြီး ပါဝင်ကပြဖျော်ဖြေကြသောဇာတ် သဘင်များမှ သက်ကြီးရွယ်အိုတွေကို စုပေါင်းကန်တော့ကြခြင်းဖြစ်သည်။

နောက်တစ်ခါ ပါဝင်ကပြသော မြန်မာဇာတ်သဘင်များထဲမှ သက်ကြီးရွယ်အိုသဘင်ပညာရှင်တွေပင်မကတော့ဘဲ နီးစပ်ရာလက်လှမ်းမီသလောက်သက်ကြီးရွယ်အိုတွေကို ဂါရဝပြုကန်တော့ကြသည်ကို ထပ်မံကြားသိရပြန်သည်။

ဟော ယခုတော့ မြန်မာတစ်နိုင်ငံလုံးမှာရှိကြသော တိုင်းနှင့်ပြည်နယ်အလိုက် သဘင်ပညာရှင်သက်ကြီးရွယ်အိုတွေကို တစ်နေရာတည်း၌ စုပေါင်း၍ ဂါရဝပြုကန်တော့ကြသည်မှာ အင်မတန်မှ ခက်ခဲသောကိစ္စကြီးတစ်ခုဖြစ်လိမ့်မည်ဟု ကျွန်တော်မှတ်ယူမိပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုတိုင်းနှင့်ပြည်နယ် အသီးသီးမှာရှိကုန်ကြသော သဘင်ပညာရှင်သက်ကြီးရွယ်အိုတွေအား သူတို့နေထိုင်ရာ လိပ်စာနဲ့တကွ ရှိရာအရပ်တွေကို စုံစမ်းစစ်တမ်းကောက်ယူရှာဖွေရတာ မလွယ်ကူသလို ရန်ကုန်မြို့သို့ခေါ် ဆောင်ရန်မှာလည်း မလွယ်ကူသောကိစ္စကြီးတစ်ခုဖြစ်နိုင်သည်ဟု ကျွန်တော်ထင်မိပါသည်။

ကြိုဆိုနေရာချထားရေး၊ စည်ခံကျွေးမွေးရေး စသောကိစ္စတွေမှာလည်း တော်တော်လေးမှ တော်တော်လေး ပင်ပန်းခွမ်းနယ်လိမ့်မည်ဟု ထင်မိပါသည်။ အချိန်တွေလည်း တော်တော်ယူရမည်ဖြစ်သည်။

နိုင်ငံတော်မှ ဦးစီးကျင်းပသော ဆို၊ က၊ ရေး၊ တီးပွဲသည်ပင်လျှင် အချိန်၊ လူ၊ နေရာထိုင်ခင်းတွေကအစ ကြိုတင်ပြင်ဆင်နိုင်၍သာ အဆင်ပြေကောင်းပြေလိမ့်မည်။ ယခုပွဲက မိမိတို့ဖာသာမိမိတို့ရှိသော ခွန်အားတွေနဲ့ စုပေါင်းလုပ်ဆောင်ခြင်းဖြစ်လိမ့်မည်ဟု ကျွန်တော်ထင်မိပါသည်။

ရေကြည်ရာ မြက်နုရာဆိုသလို အဆင်ပြေရာလုပ်ကိုင်စားသောက်နေကြရသော သဘင်ပညာရှင်ကြီးများသည် ရန်ကုန်သားပင်ဖြစ်လင့်ကစား မော်လမြိုင်သို့ ရောက်ချင်ရောက်နေတတ်သည်။ မြိတ်သား၊ ထားဝယ်သားများလည်း ထိုနည်းလည်းကောင်း၊ မြစ်ဝကျွန်းပေါ်ရောက်ချင်ရောက်နေတတ်သည်။ အဆင်ပြေသလိုလုပ်စားနေရတာကိုး။

ထို့ကြောင့်လည်း တစ်ဦးနဲ့တစ်ဦးတွေ့ဆုံရန်ခက်ခဲသွားတော့သည်။

ဟော. . ယခုကျင်းပလိုက်သောထိုပွဲကြီးကြောင့် နှစ်ပေါင်းများစွာမှ ကင်းကွာနေကြသော သဘင်ပညာရှင်ကြီးများ အချိန်နဲ့တပြေးညီ ပြန်လည်ဆုံ တွေ့ခွင့်ရလေပြီ။

ရှေးဟောင်းနှောင်းဖြစ်တွေပြောကြ၊ ဆိုကြ၊ ရယ်ကြ မောကြသည်ကိုတွေ့ရသည်ကပင် ဘယ်အရာနဲ့မှမလဲနိုင်သော ပီတိတစ်မျိုးရယ်ပါ။ မသွားနိုင်၊ မလာနိုင်၊ ကိုယ့်ခြေကိုယ့်လက်ကိုပင် မသယ်နိုင်သော နောက်ဆုံးခရီးစဉ် လက်မှတ်ကို ဝယ်ယူထားသော အဘိုး၊ အဘွားအရွယ်တွေအား တက်သစ်စ နောက်တက်အနုပညာရှင်လေးတွေက ပွေ့တင်၊ ပွေ့ချနဲ့ဂရုစိုက်နေပုံများ အင်မတန်



မြန်မာဆန်သောဓလေ့စရိုက်ကို ဖော်ကျူးနေသယောင် ဝမ်းနည်း၊ ဝမ်းသာ၊ ကြည်နူးဖွယ်ရာမြင်ကွင်းကြီးတစ်ခုကို ပုံဖော်ပန်းချီကားတစ်ချပ်သဖွယ် ခံစားလိုက်မိပါသည်။

နှစ်စဉ်နှစ်တိုင်းလည်း ယခုကဲ့သို့ကျင်းပပြုလုပ်ပေးစေချင်ပါသည်ဟု ရင်ထဲမှ ဆုတောင်းပေးရင်းနဲ့ အမှတ်မထင် အမျိုးသားဇာတ်ခုံကြီးပေါ်၌စိုက်ထူထားသော သဘင်ပညာရှင်ကြီးများ၏ လိုဂိုအမှတ်တံဆိပ်အားကြည့်လိုက်မိရာ လောကနတ်ရုပ်ကြီးက 'ဖိုးချစ်နဲ့တကွ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ နာယကတွေနဲ့တကွ ဝိုင်းဝန်းကူညီကြသော သဘင်ပညာရှင်တွေအားလုံး ကျေးဇူးတင်ပါတယ်ကွာ။ ဒီလိုပဲ နှစ်စဉ်မပျက် ငါတို့အနုပညာသဘင်ပညာရှင်ကြီးတွေကို ဖော်ထုတ်ဂုဏ်ပြု ချီးမြှင့်ပွဲလေးတွေ ကျင်းပပေးပါလို့ မင်းကတစ်ဆင့် ပြောပေးပါကွာ'ဟု မျက်ရည်တွေဝဲပြီး ပြောနေသယောင်ခံစားလိုက်မိပါတော့သည်ခင်ဗျာ။ အဲဒါနဲ့ပဲ အဲဒါပဲပေါ့ဗျာနော်■

*စာကြွင်း - သဘင်ပညာရှင်ကြီးများ၏ သက်ကြီးပူဇော်ပွဲအား တက်ရောက်ချီးမြှင့် အသိအမှတ်ပြုပေးပါသော ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနဲ့တကွ တာဝန်ရှိ၊ တာဝန်ယူဖော်ဆောင်ပေးကြပါသော လူကြီးများ အားလုံးကို သဘင်ပညာရှင်များ ကိုယ်စား ကျွန်တော်ကတော့ YES ပါလို့။*

ကျော်ထူး

www.free4reader.com



# ရှိတ်စပီးယားဇာတ်လမ်းများ

## မင်းကြိုက်သလို ချစ်စမ်း

ပြင်သစ်နိုင်ငံအား (မြို့စားနယ်များ)အဖြစ် ခွဲခြမ်းခဲ့စဉ်ကာလက စီရင်စုနယ်တစ်နယ်တွင် အစ်ကိုဖြစ်သူ တရားဝင်မြို့စားကြီးကို နယ်နှင်ဒဏ်ပေးပြီး ညီဖြစ်သူက အာဏာလု၍ အုပ်ချုပ်နေသူတစ်ဦး ရှိခဲ့လေသည်။

နယ်နှင်ခံရသော မြို့စားကြီးသည် 'အာဒင်'အမည်ရှိ သစ်တောကြီးထဲတွင် သစ္စာရှိနောက်လိုက်နောက်ပါအနည်းငယ်တို့နှင့် မြို့ကြီးပြကြီးမှ ခွန့်ခွာလာခဲ့ရကာ အနားယူနေရ၏။ ထို့ပြင် စိတ်ကောင်းရှိသော ထိုမြို့စားကြီးသည် သူ့အတွက်နှင့် မဆီမဆိုင် မိမိကိုယ်မိမိ နယ်နှင်ဒဏ်ခတ်ခံရသကဲ့သို့ လိုက်လာခဲ့သော မိတ်ဆွေများနှင့် ချို့ငဲ့စွာနေနေရချိန်တွင် မြို့စားကြီးပိုင်မြေများနှင့် အခွန်တော်များဖြင့် အာဏာလုသူမြို့စားဖြစ်သည့်ဖရက်ဒရစ်မှာ ချမ်းသာကြွယ်ဝလာတော့၏။




နယ်နှင်ဒဏ်ခံရသော မြို့စားကြီးသည် အာဒင်သစ်တောအုပ်ကြီးထဲတွင် အသားကျကာနေထိုင်တတ်လာသဖြင့် သူတို့၏နန်းတွင်းဓလေ့ထုံးစံအတိုင်း မသက်မသာ အိမ်ခြေကြီးတစ်ခွဲသားနှင့် ခန့်ညားစွာနေခဲ့ရသော နန်းတော်အမှုထမ်းဘဝထက် ပိုမိုအေးချမ်းသလိုဖြစ်နေသည်။

ဤတောအုပ်ကြီးထဲတွင် သူတို့အားလုံးသည် အင်္ဂလန်တိုင်းပြည်ရှိ ရှေးက ရိုဘင်ဟုဒ်တို့လိုနေထိုင်ကြပြီး အမျိုးကောင်းသားလူငယ်များသည် ဤသစ်တောထဲသို့ အားလပ်ရက်အလည်အပတ်လာကြသလို၊ သူတို့၏ရွှေသီးသည့်ခေတ်အခါကလိုပင် အေးဆေးစွာအချိန်ဖြုန်းလေ့ရှိကြ၏။

နွေရာသီတွင် သစ်ပင်ကြီးများ၏အရိပ်အောက်တွင် လဲလျောင်းပြီး သမင်ရိုင်းကလေးများကိုတော့ ကစားစရာလေးများသဖွယ် သဘောထားနေကြသည်။ ထို့ပြင် သစ်တောအုပ်ထဲတွင်မွေးဖွားကြီးပြင်းနေကြသော အစက်အပြောက်ကလေးများပါသည့် သနားစဖွယ်ဒရယ်လေးများကိုလည်း အလွန်နှစ်သက်နေကြသည်။ ထိုသားကောင်လေးများကို သတ်ဖြတ်စားသောက်ကြရသည်ကိုမူ သူတို့ဝမ်းနည်းသောကဖြစ်ရပြန်သည်။ တသုန်သုန်တိုက်ခတ်လာသောဆောင်းရာသီ၏ အေးမြသောလေက မြို့စားကြီး၏ ကံဆိုးမိုးမှောင်ကျခဲ့ခြင်းကို သတိရစေသောအခါ၊ မြို့စားကြီးသည် သည်းခံတည်ငြိမ်သောအသံဖြင့်. .

"ငါ့ကိုယ်ပေါ် တိုက်ရိုက်ထိတွေ့စေတဲ့ အေးမြတဲ့လေတွေကမှ ငါ့ကို မှန်ကန်တဲ့အကြံပေးသူတွေဖြစ်တယ်၊ သူတို့က မြှောက်ပင့်မပြောဘူး။ ဒါပေမယ့် ငါ့ရဲ့အခြေအနေမှန်ကို ပြန်ပြောနေကြတယ်။ နောက်ပြီး ဒီဆောင်းလေကြောင့် စူးစူးရှရှကိုက်ခဲပေမယ့် သူတို့ရဲ့အေးစက်တဲ့သွားတွေဟာ ရက်စက်တတ်သူနဲ့ကျေးဇူးကန်းသူတို့ရဲ့ ယုတ်မာမှုထက်တော့ မပိုပါဘူး။ လူတွေက ကံဆိုးခြင်းနဲ့ကြုံလို့ မြေသိမ့်ပြီးပြောဆိုတဲ့အခါတောင်မှပဲ ချိုသာတဲ့စကားလုံးအသုံးအနှုန်းတွေနဲ့ဖုံးကွယ်သွယ်ဝိုက်ပြီး စိတ်ဖြေကြရတာ ကျုပ်ကြုံနေပြီ။ အင်း. . အဆိပ်ရှိပြီး ရွံစရာကောင်းတဲ့ဖားပြုပ်ရဲ့ဦးခေါင်းထဲက ထုတ်ယူတဲ့ ဆေးဘက်ဝင်တဲ့ရတနာတွေလိုပါပဲ"

ဤနည်းအားဖြင့် တည်ငြိမ်သော မြို့စားကြီးသည် သူတွေ့မြင်ရသမျှ ပတ်ဝန်းကျင်တွေထဲမှ သင်ခန်းစာအပြည့်ရှိသည့် အသုံးဝင်သော ကိုယ်ကျင့်တရားများကို ဆင်ခြင်နေ၏။ ဤကိုယ်ကျင့်တရားများကို မှတ်ယူနေပြီး၊ သူအုပ်ချုပ်ခဲ့ရသည့်ပြည်သူများနှင့် အနေဝေးကွာစွာ မနေထိုင်နေရသဖြင့် ယခုနေရသည့်သစ်တောအုပ်ထဲက ပတ်ဝန်းကျင်တွင်ရှိသစ်ပင်တွေထဲမှာပင် 'လျှာ'များရှိသည်ဟု တွေးနေလေသည်။ (သစ်ပင်များနှင့် သူကစကားပြောသည်ဟုတင်စားခြင်း)။ စီးဆင်းနေသောစမ်းချောင်းလေးသည်လည်း သူ့အတွေးများထဲတွင် စာအုပ်များဖြစ်သွားသည်။ ကျောက်တုံးတွေကိုကြည့်နေရင်း ဟောပြောချက်များကိုလည်း ရှာဖွေတွေ့ရှိနေပြန်သည်။ အရာရာတိုင်းမှာ အဓိပ္ပာယ်ရှိစွာ ပြည့်စုံနေတော့သည်ဟု ခံစားနေသည်။

ပြည်နှင်ဒဏ်ခံရသော မြို့စားကြီးတွင် 'ရိုစလင်း'အမည်ရှိ တစ်ဦးတည်းသောသမီးရှိပြီး၊ သူမသည် ရာထူးလုသူမြို့စားဖရက်ဒရစ်၏နန်းတော်တွင်ပင် သမီးတော် ဆယ်လီယာ၏အဖော်အဖြစ် ကျန်ရစ်ခဲ့သည်။ ဤအမျိုးသမီးနှစ်ဦးသည် ဖခင်များစိတ်သဘောချင်းကွဲလွဲစေကာမူ အလွန်ချစ်ခင်ရင်းနှီးကြလေသည်။

ဆယ်လီယာသည် သူမ၏ဖခင်အရင်းက ရိုစလင်း၏ဖခင်အား နယ်နှင်ဒဏ်ပေးပြီး မတရားလုပ်ထားသည်ကို မလုံမလဲဖြစ်နေကာ သူ့ဘက်ကမူ အမြဲတမ်းမယုတ်မာကြောင်း ရိုစလင်းအား တတ်ကျွမ်းသမျှဖြင့် ကြုံလာသမျှတိုင်းတွင် ရှင်းပြကာ ကြိုးစားနေရှာသည်။

ဖခင်နယ်နှင်ဒဏ်ခံရပြီး မတရားသောရာထူးလုယူထားသည့် ဦးရီးတော်ထံတွင် မှီခိုနေရသဖြင့် ရိုစလင်းသည် ဝမ်းနည်းပူဆွေးနေ၏။ ဆယ်လီယာကတော့ သူမကို အချိန်ပြည့်ဂရုစိုက်ပြီး နှစ်သိမ့်လေသည်။

တစ်နေ့တွင် ဆယ်လီယာက သူနေနေကျထုံးစံအတိုင်းပင် ကြင်နာသနားသောအမူအရာဖြင့် ရိုစလင်းအားပြောသည်။

"ချစ်စရာကောင်းတဲ့ညီမလေး ရိုစလင်း. . ပျော်ပျော်ပါးပါးနေပါလို့ တောင်းပန်ပါတယ်"

ထိုအချိန်တွင် နန်းတွင်းသားတစ်ဦးဝင်လာပြီး မကြာမီစတော့မည့် နပန်းပွဲကြည့်လိုပါက နန်းတော်ရှေ့သို့ အခုချက်ချင်းထွက်ခဲ့ကြရန်ပြောသည်။

ဆယ်လီယာက ထိုနပန်းပွဲသည် ရိုစလင်းအား စိတ်ပျော်ရွှင်စေလိမ့်မည်ထင်မှတ်ပြီး သွားကြည့်ရန်သဘောတူလိုက်၏။

ထိုခေတ်က လူ့ရှင်တော်များသာဆင်နွှဲသော နပန်းပွဲသည် မင်းသားများ၊ ချောမောလှပသော မိန်းမပျိုများနှင့် မင်းသမီးများရှေ့မှောက်တွင် ကျင်းပလေ့ရှိပြီး အင်မတန်ခေတ်စားခဲ့သည်။

ထို့ကြောင့် ဆယ်လီယာနှင့် ရိုစလင်းတို့ ထိုနပန်းပွဲကိုသွားကြည့်ကြသည်။ သူတို့ပွဲခင်းထဲရောက်သောအခါ ပျော်ရွှင်စရာကောင်းမည်ဟုထင်ရသော ထိုပွဲသည်ဝမ်းနည်းကြေကွဲစရာမြင်ကွင်းကို မြင်တွေ့ရန်ဖြစ်နေတော့သည်။ အကြောင်းမှာ ကာလကြာရှည်စွာ နပန်းသတ်အတွေ့အကြုံပြည့်ပြီး၊ လူကောင်ကြီးကြီး ထွားကျိုင်းသူတစ်ယောက်နှင့် အလွန်ငယ်ရွယ်၍ နပန်းသတ်အတွေ့အကြုံမရှိသူတို့ ဤပွဲမှာပါဝင်ယှဉ်ပြိုင်ကြမည်ကို တွေ့ရသောကြောင့်ဖြစ်လေ၏။

ဆက်လက်ဖော်ပြပါမည်၊

www.free4reader.com



# အကယ်ဒမီ ဘယ်သူရရ အပြုံးနဲ့ဂုဏ်ပြုမယ် ရွှေမှုံရတီ

'မာယာစတိုင်'ရုပ်ရှင်အထူးပွဲကို လာရောက်ကြည့်ရှုတဲ့ ရွှေမှုံရတီကို မီဒီယာတွေအားလုံးက အကယ်ဒမီ ရနိုင်တယ်လို့ ချီးကျူးကြပါတယ်။ သူမရဲ့ ဥရောပခရီးမှာလည်း ထုံးစံအတိုင်း ညီမနဲ့သူငယ်ချင်း တစ်ယောက်နဲ့သွားသော်လည်း ဘာညာဘာညာပြောကြတာမို့ မေးတဲ့အခါ သူတို့သုံးယောက်ပဲသွားတာပါ။ ချစ်သူအတွက်ကတော့ လက်ဆောင်တွေဝယ်လာပါတယ်လို့ ပွင့်လင်းစွာဖြေကြားခဲ့ပါတယ်။

၂၀၁၆ အကယ်ဒမီဟာ ရွှေမှုံရတီ အတွက်လည်း စိတ်ဝင်စားစရာ ကောင်းလှတာမို့ အင်တာဗျူးကို ဖတ်ကြည့်ပေးပါဦး။

**ရွှေမှုံရတီဟာသရုပ်ရှင်တစ်ကားနဲ့အရာမှာတစ်ကား နှစ်ရက်ဆက်တိုက် ပရက်မီယာပြတယ်။ ဖီလင်လေးပြောပါဦး။**

ပီတိတော့ တအားဖြစ်ပါတယ်။ ဘာကြောင့်ဆို နှစ်ကားလုံးက တစ်ကားနဲ့တစ်ကား လုံးဝကာရိုက်တာ မတူပါဘူး။ နှစ်ကားလုံးလည်း သမီးလုပ်ကွက်ရပါတယ်။ ဒီနေ့ပရက်မီးပြတဲ့ 'မာယာစတိုင်'ဆိုရင် ဒါရိုက်တာအပါအဝင် ဝါရင့်အနုပညာရှင်တွေက အများကြီး ပံ့ပိုးကူညီလို့ ခုလောက်ကောင်းသွားတာပါ။ နောက်ထပ်လည်း ဒီလို ဒရာမာရုပ်ရှင်တွေအများကြီးရိုက်ထားပါသေးတယ်လို့ပရိသတ်တွေကို ပြောချင်ပါတယ်။

**မင်းသားတွေကလည်းများတယ်။ ဇာတ်ကလည်း သမီးဇာတ်ဆိုတော့ စိန်ခေါ်မှုကြီးခဲ့လား။**

ဒီကားရိုက်ဖို့ ဇာတ်လမ်းဖတ်လိုက်တော့ ရိုက်လည်းရိုက်ချင်တယ်။ ဒါပေမယ့် နည်းနည်းလည်း ကြောက်တယ်။ ဒီရုပ်ရှင်က လွန်ခဲ့တဲ့ ၄နှစ်အတွေအကြုံအရမ်းနည်းတဲ့အချိန်က ရိုက်ခဲ့တာပါ။ အခုအချိန်ရိုက်ရင်တောင် အဲဒီလိုအိုက်တင်တွေနဲ့ခံစားမှုတွေ ရချင်မှရပါတော့မယ်။ ဒါပေမယ့် ဒါရိုက်တာဦးညီက သမီးရဲ့ဆရာသမားတစ်ယောက်ဖြစ်နေတဲ့အတွက် ကောင်းအောင်ရိုက်မယ်ဆိုတာ ယုံကြည်ပါတယ်။ ဒါကြောင့် သင်သမျှအတိုင်း သရုပ်ဆောင်ပါတယ်။ အခုဦးညီ ကျေနပ်တာကိုမြင်တော့ မျက်ရည်တောင်ကျရပါတယ်။ သမီးဘက်က တော့ လိုအပ်ချက်တွေတွေ့ပါတယ်။

**ငါ့အကယ်ဒမီရုပ်ရှင်မှာ ရိုက်ထားတဲ့တချို့အခန်းတွေပါမလာတော့တာ ဆင်ဆာဖြတ်လိုက်တာလား။**

ဟုတ်ပါတယ်။ ဆင်ဆာဆိုတော့လည်း ဖြတ်မှာပေါ့။ ရုံတင်ခွင့်မရှိတဲ့အခန်းဖြစ်လို့လို့ပဲ နားလည်ပေးပါတယ်။ လူကြီးတွေက သူတို့လုပ်သင့်တာကို လုပ်တာဖြစ်ပါလိမ့်မယ်။ သမီးတို့မှာ ရွေးချယ်ပိုင်ခွင့်မရှိပါဘူး။ မသင့်တော်လို့ ဖြတ်တယ်လို့ပဲမြင်ပါတယ်။

**အခုနာမည်ကြီးနေတဲ့ အခွန်ထမ်းစာရင်းထဲမှာရော ရွှေမှုံရတီပါလား။**

သမီးအခွန်ဆောင်ထားပေမယ့် နာမည်တော့ပါမလာပါဘူး။ သမီးက အသက် ၁၄နှစ်မှာ အနုပညာစလုပ်တာပါ။ ၁၆နှစ်မှာ အလုပ်တွေလည်ပတ်နေပြီ ဆိုတော့ ဆောင်ဖို့သွားပြောပါတယ်။ ပထမပိုင်းမှာ အသက်မပြည့်လို့ပေးမဆောင်ဘူး။ ၁၇ ပြည့်ခါနီးမှာ စဆောင်ပါတယ်။ အခွန်စာရွက်တွေလည်းရှိပါတယ်။ အနံကယ်လေးတို့တောင်ကျန်ခဲ့သေးတာပဲ။ ကိုယ့်လောက်ကတော့ ဘာမှမဟုတ်ပါဘူး။ ကိုယ်တာဝန်ကျေတယ်ဆိုတာ သူများသိဖို့ မလိုပါဘူး။

**ဥရောပခရီးစဉ်အမှတ်တရပြောပါဦး။**

နှင်းတွေအရမ်းကျတဲ့အေးတဲ့အချိန်မှာ ရောက်သွားခဲ့တာပါ။ အအေးကြောက်တဲ့လူက ခုတော့ အအေးကို နည်းနည်းအန်တုလာနိုင်ပါပြီ။ ကျန်းမာရေးတောင် မေ့သွားတယ်။ ဒါပေမယ့် ဒီကသွားကတည်းက ဘန်ကောက်မှာ medical check up ဝင်လုပ်သွားတာပါ။ အေးလွန်းတာ ကြောင့် တစ်ကိုယ်လုံးလည်း တုန်ခါနေတာပါပဲ။ ဒါပေမယ့် relax လည်းဖြစ်ခဲ့ပါတယ်။ အရင်အခေါက်က ငှားသွားတဲ့ guide ဆိုရင် အင်္ဂလိပ်စကားတောင် ရေရေလည်လည်မပြောတတ်ဘူး။

**တလောက ချစ်သူကို ရွှေကြိုးတဲ့ပုန်းတစ်လုံးလက်ဆောင်ဝယ်ပေးလိုက်တယ်လို့ သိရပါတယ်။ အခုရော သူ့အတွက်ဘာလက်ဆောင်တွေဝယ်လာလဲ။**

ဒီတစ်ခေါက်ခရီးသွားတာ သူ့အတွက်လို့တောင်ဖြစ်သွားတယ်။ ကိုယ့်အတွက်တောင် သိပ်မပါဘူး။ တကယ့်ကိုမပါတာ။ သူ့အတွက်ပဲ ခရီးဆောင်အိတ်နှစ်လုံးစာလောက်ဖြစ်သွားတယ်။

**အကယ်ဒမီပွဲတက်ဖက်ရှင်။**

ဒီနှစ်ဖက်ရှင်ဒီဇိုင်နာကိုကောင်းမြတ်ရဲ့ဝတ်စုံနဲ့ပွဲတက်ပါမယ်။ မိတ်ကပ်ဆံပင် စန်းစန်း၊ လက်ဝတ်ရတနာ ဘာဝတ်ရမှန်းမသိသေးဘူး။

**၂၀၁၆ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု ဘယ်သူရမယ်ထင်လဲ။ ရခဲ့ရင်ရော ဘယ်လိုဂုဏ်ပြုမလဲ။**

ကိုယ့်ဆရာသမားတွေဖြစ်တဲ့ ကိုနေတိုးနဲ့ ကိုမြင့်မြတ်ကိုရစေချင်ပါတယ်။

**သူတို့နှစ်ယောက်က ဒီနှစ်အကယ်ဒမီမှာ အသံသိပ်မထွက်ဘူးလေ။ သတင်းကြားနေတာက ကိုလူမင်းတို့ ထွန်းထွန်းတို့မဟုတ်ဘူးလား။**

ရသင့်ရထိုက်တဲ့သူရသွားရင်ပိုကောင်းပါတယ်။ ဘယ်သူပဲရရ အပြုံးနဲ့ပဲဂုဏ်ပြုမှာပါ■

www.free4reader.com





# အကယ်ဒမီမှာ ရွှေတွေအများကြီးမဝတ်ပါ နန်းဆုရတီစိုး

မကြာခင်က ချစ်သူနဲ့လမ်းခွဲခဲ့တဲ့ နန်းဆုရတီစိုးက အခုအချိန်မှာတော့ အနုပညာအလုပ်တွေကိုပဲ စိတ်နှစ်ထားပါသတဲ့။ မတ် ၉ရက်နေ့ မနက်ပိုင်းက ဖွဲ့ထက်စိန်ရွှေရတနာဆိုင် ဖွင့်ပွဲအပြီး အကယ်ဒမီနဲ့ပတ်သက်လို့ မေးဖြစ်တဲ့အခါ "နန်းဆုအလုပ်တွေပဲ ဆက်တိုက်လုပ်ဖြစ်နေတယ်။ ခုလည်း ဖွင့်ပွဲအပြီး ဧနေ့လည် ၁၁ နာရီ လေယာဉ်နဲ့ မန္တလေးမှာ ရှိုးသွားဆိုမယ်။ ပြီးရင် ပန်းတနော်၊ ရေကြည် ရှိုးပွဲတွေ ဆက်တိုက်ဆိုပြီး ၁၆ရက်နေ့မှ ရန်



ကုန်ပြန်ရောက်မယ်။ တစ်ရက်နားပြီး နောက်နေ့ အကယ်ဒမီပွဲတက်ပါမယ်။ အကယ်ဒမီပွဲကို ဒီဇိုင်နာ မျိုးမင်းစိုးရဲ့ဖက်ရှင်၊ လက်ဝတ်ရတနာက စိန်နန်းတော်နဲ့အောင်သမာဓိနှစ်ခုဖြစ်နေတယ်။ မသေချာသေးဘူးလို့ နန်းဆုကဖြေပေမယ့် အောင်သမာဓိမဖြူနဲ့စကားပြောဖြစ်တဲ့အခါ သေချာသွားတယ်လို့ သိရပါတယ်။

"မိတ်ကပ်ဆံပင် ဂျက်ဂျက်ဖြစ်ပြီး ဖိနပ်ကတော့ ကိုယ်ပိုင်ပဲဝတ်မယ်။ သမီးဝတ်စုံမှာ ရွှေဘယ်လောက်သားပါမယ်ဆိုတာမျိုးတော့ မရှိပါဘူး။ ဒါပေမယ့် အကယ်ဒမီပွဲကို ဂုဏ်ပြုရမှာဆိုတော့ ထိုက်တန်တဲ့ ရတနာတွေတော့ ပါဝင်မှာဖြစ်ပါတယ်။ အရမ်းအများကြီးတော့ မဝတ်ပါဘူး"လို့ ပြောခဲ့ပါတယ်။

အချစ်ရေးမေးတဲ့အခါ သာသာယာယာပါပဲ။ လောကကြီးကို တစ်ယောက်တည်းဖြတ်သန်းနေတယ်။ သကြံန်မှာတော့ နှစ်ယောက်ဖြစ်ချင်ဖြစ်သွားမယ်၊ မသေချာဘူးလို့ ပြောပြီး ရယ်နေပါတော့တယ်။

အကယ်ဒမီခံစားမှုနဲ့ ယခုနှစ်အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုဘယ်သူရနိုင်မယ်ထင်လဲမေးတဲ့အခါ "သရုပ်ဆောင် တစ်ယောက်ဖြစ်တဲ့အတွက် ထိုက်တန်တဲ့အကယ်ဒမီဆုကို လိုချင်တာတော့ အမှန်ပါပဲ။ နန်းဆုလိုပဲ အနုပညာရှင်တိုင်းလည်း လိုချင်ကြမယ်ထင်ပါတယ်။ အနုပညာလုပ်နေသရွေ့ ရုပ်ရှင်ရိုက်နေသရွေ့ မည်သူမဆို အကယ်ဒမီတစ်ဆုဆုကိုရနိုင်ပါတယ်။ အဲဒီလိုပဲ ခံစားရပါတယ်။ ဒီနှစ်က ရုံတင်တဲ့ကားတွေများပေမယ့် ဆန်ကာတင်ဇာတ်ကားစာရင်း မကြေညာတဲ့အခါ ဘယ်သူတွေရမယ်ဆိုတာတော့ ခန့်မှန်းလို့မရပါဘူး။ ဒါပေမယ့် မီဒီယာတွေမှာရေးနေတာတွေတော့ တွေ့နေရပါတယ်။ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို ဒါရိုက်တာကိုဝိုင်းရဲ့ 'ချစ်လှစွာသောအမုန်း' ရုပ်ရှင်ထဲက သက်မွန်မြင့်လည်း ရနိုင်တယ်၊ ကစ်ကစ်လည်း ရနိုင်တယ်လို့ ကြားရပါတယ်"လို့ဖြေခဲ့ပါတယ်■



# တက်ဖြစ်ခဲ့တဲ့ အကယ်ဒမီပွဲကို အမှတ်တရရှိဆဲ ... နန်းသူဇာ

လတ်တလောမှာ တစ်ကိုယ်တော်စီးရီးအတွက် သီချင်းစုနေပါတယ်ဆိုတဲ့ နန်းသူဇာက အကယ်ဒမီပွဲကို တစ်နှစ်သာတက်ဖူးပြီး ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာကောင်းတဲ့ အနုပညာပွဲတစ်ပွဲလို့ ပြောခဲ့ပါတယ်။ ယခုနှစ်မှာတော့ ပွဲမတက်ဖြစ်တာကြောင့် ပြည်တွင်းသို့မဟုတ်ပြည်ပကမ်းခြေတစ်ခုခုကို အလည်သွားဖို့ စီစဉ်နေတယ်လို့လည်း သိရပါတယ်။ "သမီးက ရုပ်ရှင်ဗီဒီယိုရိုက်တာမျိုးလည်း သိပ်မရှိဘူးလေ။ ဒါကြောင့် မတက်ဖြစ်တာပါ။ ဟိုအရင်တစ်နှစ်က တက်တယ်ဆိုတာကလည်း အတွေ့အကြုံလိုချင်လို့တက်ဖြစ်တာပါ။ အနုပညာရှင်တွေ အများကြီးကို စုစုစည်းစည်းတွေ့ရပြီး တကယ်လည်း ရင်ခုန်ရပါတယ်။ ဆုတစ်ဆု ကြေညာခါနီးမှာတစ်ကြိုဆုရှင်တွေတော့ဘယ်လိုနေမယ် မသိဘူး၊သမီးတို့ကိုယ်တိုင် ရင်တွေခုန်ပြီး တဒိတ်ဒိတ်ဖြစ်ကုန်တာပါ။ တစ်ခါတလေ



ဆုရှင်က တစ်ယောက်၊ ကင်မရာသမားတွေဝိုင်းတာကတစ်ယောက် အဲဒီလိုတွေလည်း တွေ့ရပါတယ်။ ဘာပဲပြောပြော အကယ်ဒမီပေးပွဲကိုတက်ခွင့်ရခဲ့တဲ့အပေါ် အမှတ်တရရှိခဲ့ပါတယ်"လို့ ဆိုခဲ့ပါတယ်။နန်းသူဇာရဲ့ချစ်သူ ကျော်ထွဋ်ဆွေက သူတို့နှစ်ယောက်လက်ထပ်တော့မယ့်အကြောင်း ပြောဖူးတာမို့ မေးတဲ့အခါ "၂၀၁၇မှာအစီအစဉ်မရှိသေးပါဘူး။ သူလည်းသူ့အလုပ်သူလုပ်နေတာပါပဲ"လို့ဆိုခဲ့ပါကြောင်း■



# စာချုပ်ရော၊အဆင်ပြေသလိုရော ရိုက်နေတဲ့ ခိုင်သင်းကြည်

ထပ်ဆင့်အကယ်ဒမီ ခိုင်သင်းကြည်က အကယ်ဒမီနှစ်ဆုရှင်ဖြစ်လာပြီးမှ ပိုပြီးအောင်မြင်လာတယ်လို့ သုံးသပ်မိပါတယ်။ နဂိုကတည်းက အသွက်လည်းရ၊ အလှပ်လည်းရ၊ ဒရာမာလည်းပိုင်၊ ဟာသလည်းနိုင်သူမို့ ဒီဘက်ခေတ်ရိုက်တဲ့ ရုပ်ရှင်တော်တော်များများမှာ အထူးသဖြင့် ဟာသကားများမှာ ခိုင်သင်းကြည်မပါမဖြစ်သဘော တွေ့ရပါတယ်။ ခိုင်သင်းကြည်ရဲ့ ထူးခြားချက်တစ်ခုက အလုပ်ကို ပီပီပြင်ပြင်နဲ့ သူ့ကိုကြည့်ရတဲ့ပရိသတ်တွေအတွက် ထိုက်တန်တဲ့အနုပညာကို ပေးလေ့ရှိပါတယ်။ လတ်တလောရုံတင်နေတဲ့ ဒါရိုက်တာကိုဇော်(အရာဇာဦး)ရဲ့ 'သားဘီလူး'ရုပ်ရှင်ဆိုရင်လည်း ထွန်းထွန်းနဲ့ နေခွေးဟာ သူ့ရဲ့တူသားအရွယ်လေးတွေပါ။ ဒါပေမယ့် ဇာတ်ရုပ်အရ သူတို့နှစ်ယောက်ကြိုက်တဲ့ တောကအူကြောင်ကြားကောင်မလေးအဖြစ် ပီပြင်စွာသရုပ်ဆောင်ခဲ့တာလည်း တွေ့ခဲ့ရပါတယ်။ ဘာလာလာဖေါင်းတာကြောင့်လည်း အကယ်ဒမီနှစ်ဆုကို ထိုက်ထိုက်တန်တန်ရရှိခဲ့သူဖြစ်ပါတယ်။

လတ်တလောမှာ အက်ရှင်ဒါရိုက်တာမောင်မောင်မြင့်လွင်ရဲ့ 'ယောကျ်ားဆိုလာထား'ဟာသရုပ်ရှင်ရိုက်နေတဲ့ ခိုင်သင်းကြည်က မင်းသမီးတွေချည့်ပဲ ၈ယောက်ပါဝင်မယ့် ကြော်ငြာဟာ Bella က ပထမဆုံးပါပဲလို့ ရိုက်ကွင်းပေါ်မှာ ပြောခဲ့ပါတယ်။ "ဒီကြော်ငြာပုံစံမျိုးပဲရိုက်ချင်တယ်။ ဘာကြောင့်ဆို အနုပညာရှင်က ရိုက်ကွင်းကိုလာရုံပဲ။ ကျန်တာအားလုံး ကုမ္ပဏီက စီစဉ်ပေးတယ်။ အင်တာနေရှင်နယ်ဆန်သွားတာပေါ့။ ဘာပဲပြောပြော ကိုယ်ကအစအဆုံးစီစဉ်ရတာကျတော့အရမ်းပင်ပန်းပါတယ်။ ရုပ်ရှင်ဆိုလည်း ကိုယ်ဘာသာကိုယ်စီစဉ်ရတာပါ။ အင်တာနေရှင်နယ်အဆင့်မီလာရင်တော့ အဲဒါတွေအားလုံးလည်း ပြောင်းလဲသွားမယ်ထင်ပါတယ်"လို့ ပြောပါတယ်။ ပိုင်းရိုက်တဲ့ရုပ်ရှင်မှာ သရုပ်ဆောင်တွေနဲ့ ကုမ္ပဏီစာချုပ်တာမျိုးရှိလာတာမို့ အဲဒီစနစ်ဟာ အဆင်ပြေနိုင်မယ်ထင်လားမေးတဲ့အခါ "မခိုင်က ကိုယ်ရိုက်ရမယ့်ဇာတ်၊ ဒါရိုက်တာနဲ့ကိုယ့်ကထ္တာကို ကြည့်လိုက်တယ်။ ဒီဇာတ်မှာကိုယ်က တစ်ကားလုံးလား၊ နည်းနည်းပဲလားဆိုတာကြည့်တယ်။ ဒါပေမယ့် ရှုတင်ကို ကိုယ့်ကြောင့်စောင့်နေရတယ်ဆိုတာမျိုးမဖြစ်စေရဘူး။ မနက် ၇ နာရီရိုက်မယ်ဆို ရောက်အောင်လာတယ်။ စည်းကမ်းတကျရှိတာမျိုးကို တော့ဝဲလ်ကမ်းပါ။ ဒါပေမယ့် ကိုယ်တစ်ယောက်တည်းစည်းကမ်းရှိပြီး ကျန်တဲ့သူတွေမရှိရင်တော့ မရဘူးပေါ့။ စာချုပ်အတိုင်းဆိုလည်း ရပါတယ်။ ဒါပေမယ့် ရေလိုက်ငါးလိုက်နေရတဲ့အပိုင်းမျိုးလည်းရှိပါတယ်"လို့ ဖြေခဲ့ပါတယ်။ မကြာခင်ရုံတင်မယ့် ၄ါအကယ်ဒမီရုပ်ရှင်နဲ့ပတ်သက်လို့မေးတဲ့အခါ "အဲဒီရုပ်ရှင်ထဲကအဖြစ်အပျက်တွေဟာ တကယ်ဖြစ်တာတွေလည်းပါသလို ဇာတ်လမ်းအရရိုက်ရတာတွေလည်း ပါပါတယ်။ အကယ်ဒမီရာသီလည်းဖြစ်နေတာမို့ ပရိသတ်ကြိုက်မယ်လို့လည်း ထင်ပါတယ်"လို့ပြောခဲ့ပါတယ်။ အဲဒီရုပ်ရှင်ကို ပတ် ၁၀ရက်နေ့မှာရုံတင်တဲ့အခါမှာလည်း ပရိသတ်အားပေးမှုရတာတွေ့ခဲ့ပါတယ်■

# ရွှေမှုံရတီ အနုပညာကျွန်နိုင်မယ့် မာယာစတိုင်ရုပ်ရှင်အထူးပွဲပြ




ဖိုးသူတော်ရုပ်ရှင်ထုတ်လုပ်ရေးပွဲဦးထွက်အဖြစ် ဝတ္တုစိုးသိမ်းထွဋ်၊ ဇာတ်ညွှန်းနေစိုးသော်၊ ဒါရိုက်တာ အကယ်ဒမီတစ်ကြိမ်ဆုရှင် ညွန့်မြန်မာညီညီအောင်နှင့် တွဲဖက်ဒါရိုက်တာ ရာဇာနေဝင်းတို့ရိုက်ကူးတဲ့ တစ်ခေတ်က 'မိန်းမလည်သိန်းကြွယ်'ရုပ်ရှင်ကို ခေတ်နဲ့အညီပြန်လည်ပြင်ဆင်ပြီး 'မာယာစတိုင်'အမည်နဲ့ ရိုက်ကူးခဲ့ပါတယ်။ မြင့်မြတ်၊ ဇေရဲထက်၊ ရာဇာနေဝင်း၊ ရဲအောင်၊ ညီထွဋ်ခေါင်၊ ရွှေမှုံရတီ၊ ရွှေပိုးအိမ်နှင့် သရုပ်ဆောင်များစွာ ပါဝင်ပြီး မတ် ၅ရက် မနက် ၇း၃၀ နာရီက သမ္မတရုပ်ရှင်ရုံမှာ ပြသခဲ့ပါတယ်။ ကျေးရွာတစ်ရွာမှာ အဒေါ်နဲ့နေရတဲ့ မိန်းမပျို




တစ်ယောက်ရဲ့ ဖြတ်သန်းမှုဘဝ ဇာတ်လမ်းများကို အဓိကရိုက်ကူးတာဖြစ်ပြီး ယောကျ်ား ၅ယောက်နဲ့ပတ်သက်ရတာဖြစ်ပါတယ်။ ထူးခြားတာက အဲဒီရုပ်ရှင်မှာ ရွှေမှုံရတီဟာ စရိုက်အမျိုးမျိုးနဲ့ အိုက်တင်များကို အိုဗာလုံးဝမပါဘဲ သရုပ်ဆောင်သွားတာတွေ့ရပါတယ်။ မင်းသမီးဇာတ်ဖြစ်တာမို့ ကျန်တဲ့သရုပ်ဆောင်များက ပံ့ပိုးပေးရတာပါ။ များသောအားဖြင့် အဲဒီလို ဇာတ်ရုပ်ရပြီဆိုရင် အိုဗာအိုက်တင်တွေလုပ်တတ်ကြပေမယ့် လွန်ခဲ့သော ၃နှစ်လောက်ကရိုက်ခဲ့တာကြောင့်လား မသိ၊ ရွှေမှုံရတီဟာ ဘာပဲမှမများသလို၊ ဘာကွန်ပလိန်းမှုလည်း မတက်ဘဲ အိုက်တင်များကို ဒါရိုက်တာသင်ပေးတဲ့အတိုင်းအပိုအလိုမရှိ ကွက်တိသရုပ်ဆောင်သွားပါတယ်။ ဦးလေးရဲ့ကြံစည်မှုကနေ ထွက်ပြေးလာရာက ညီထွဋ်ခေါင်နဲ့တွေ့၊ အဲဒီနောက် ဘုန်းကြီးလူထွက်နဲ့တွေ့၊ အဲဒီနောက် သူဌေးဖြစ်၊ မြို့ရောက်၊ စားသောက်ဆိုင်ပိုင်ရှင်ဖြစ်၊ ကပ်စတပ်မာနဲ့တွေ့၊ ဂီတမှူးနဲ့တွေ့၊ နောက်ဆုံးကားဒရိုင် ဘာနဲ့တွေ့ရတဲ့ ဇာတ်ဝင်ခန်းတွေမှာ ကွက်တိသရုပ်ဆောင်သွားတာကိုလည်း ချီးကျူးကြပါတယ်။ သို့သော် အိုဗာလုပ်မှုကြိုက်တဲ့ မြန်မာရုပ်ရှင်အကယ်ဒမီနဲ့ ကွက်တိဖြစ်ပါ့မလားဆိုတာတော့ မပြောတတ်ပါဘူး။ မာယာစတိုင်ရုပ်ရှင်ဟာ ရုပ်ရှင်အစစ်ဖြစ်ပြီး အထက်မှာရေးခဲ့သလို ရွှေမှုံရတီအတွက် အနုပညာကျွန်မယ်ဆိုတာ ဟုတ်မဟုတ် လာရောက်ကြည့်ရှုအကဲဖြတ်ပါလား ချစ်မိတ်ဆွေ■




# ဟိုးရှေးရှေးတုန်းက တက္ကသိုလ်သမဂ္ဂ

စာမျက်နှာ ၄ မှအဆက် . .

တရားပွဲမှာ ပြင်ပ ပရိသတ်တွေဘယ်လောက်တောင်များသလဲဆိုရင် ဘုရားလာဖူးတဲ့သူတွေထဲက ကလေးငယ်လေးလက်တွဲထားတဲ့ လင်မယားနှစ်ယောက်ကပဲ ပြဿဒ်ရဲ့အပြင်ကနေ ရပ်ကြည့်နေတဲ့အထိပါပဲ။

တက္ကသိုလ်ကျောင်းတော်သားကြီးဖြစ်တဲ့ သခင်ဗစိန်ဟာ လွတ်လပ်ရေးလိုချင်တဲ့ဆန္ဒတွေ အပြည့်အဝရှိသူဖြစ်တယ်ဆိုတာကတော့ ငြင်းမရပါဘူးရှင်။ ပြီးတော့ သခင်ဗစိန်က တက္ကသိုလ်မှာ ဆရာတစ်ဦးဖြစ်တဲ့ မစ္စတာဖာနီဗယ်နဲ့ရင်းနှီးသူဖြစ်ပါတယ်။

ဖာနီဗယ်က သခင်ဗစိန်ရဲ့ စိတ်သဘောထားကို နားလည်တဲ့အတွက် မိတ်ဆွေရင်းချာကဲ့သို့ ခင်မင်မှုတွေရှိတယ်။ မြန်မာတွေအတွက် 'အမျိုးသားသီချင်း'ရှိရမယ်ဆိုတဲ့စိတ်နဲ့ သခင်ဗစိန်ဟာ အမျိုးသားသီချင်းကို ကိုယ်တိုင်စပ်တယ်။ သီချင်းလည်းရေးပြီးရော၊ တက္ကသိုလ်သမဂ္ဂအဆောက်အအုံမှာ တီးပြမယ်ဆိုပြီး၊ ဆိုမယ့်နေ့မှာ တူရိယာပစ္စည်းတွေကို ဘုံပြတ် မြင်းလှည်းလေးတစ်စီးပေါ် တင်ပြီး တက္ကသိုလ်သမဂ္ဂဆီသယ်လာတယ်။ ခြောက်လုံးပတ်၊ စည်တို၊ လင်းကွင်း စတဲ့တူရိယာတွေအပြင် နဲ့သမားတစ်ယောက်တောင်ပါလာသေးတယ်။

မစ္စတာဖာနီဗယ်က မြင်းလှည်းနောက်ကနေ သူ့ကားလေးနဲ့လိုက်လာပြီး ကျောင်းဝင်းထဲရောက်တော့ သမဂ္ဂအဆောက်အအုံရှေ့မှာ သူ့ကားကိုမရပ်ဘဲ အဓိပတိလမ်းအတိုင်းဆက်မောင်းလာပြီး ဆာဟာကုတ်ဘတ္တလာရဲ့ မတ်တပ်ရပ်နေပုံ အထိမ်းအမှတ်ထုထားတဲ့ ဧကျောင်ရုပ်တုကြီးရဲ့မနီးမဝေးမှာပဲ ကားကိုရပ်ထားခဲ့ပြီး သမဂ္ဂဆီပြန်လျှောက်လာပါတယ်။

သူ့မိတ်ဆွေကြီး သခင်ဗစိန်ရဲ့ အနုပညာအရည်အသွေးကို သမဂ္ဂအဆောက်အအုံရဲ့ ခပ်လှမ်းလှမ်းရှိရာက အကဲခတ်အားပေးမယ်ပေါ့ရှင်။

သခင်ဗစိန်ယူလာတဲ့ တူရိယာပစ္စည်းတွေကိုတော့ ကျောင်းသားတွေက သမဂ္ဂအစည်းအဝေးခန်းမထဲအထိ သယ်တင်ပေးကြတယ်။ အမျိုးသားသီချင်းကို နားသောတဆင်ကြမယ့် ကျောင်းသားလေးငါးဆယ်လောက်ကလည်း အဆင်သင့်စောင့်ဆိုင်းနေပြီဖြစ်ပါတယ်။

အဲ့နောက်မှာတော့ သခင်ဗစိန်ဟာ ခြောက်လုံးပတ်ဝိုင်းကို သူကိုယ်တိုင်တီးပြီး၊ သူ့ထုံးစံအတိုင်းပေါ့နော်။ ချွေးတဒီးဒီးကျလာတဲ့အထိ ဒေါသတကြီးနဲ့ အမျိုးသားသီချင်းကို အားပါးတရ သီဆိုတော့တာပါပဲ။

သခင်ဗစိန်စပ်ဆိုခဲ့တဲ့ တို့ဗမာသီချင်းဟာ အဲ့ခေတ်က နိုင်ငံရေးအစည်းအဝေးလုပ်တိုင်း ဆိုခဲ့ကြတဲ့သီချင်းလို့သိရပါတယ်ရှင်။

အခုအမျိုးသားသီချင်းဟာ သခင်ဗစိန်ရဲ့ 'ဒို့ဗမာ'သီချင်းပေါ် မှာ မှမ်းမံပြင်ဆင်ထားတာဖြစ်ပါတယ်တဲ့။

လွတ်လပ်ရေးခေတ်ရောက်တော့ မစ္စတာဖာနီဗယ်က အသစ်ဖြစ်လာတဲ့ 'ကမ္ဘာမကြေ'နဲ့စတဲ့ အမျိုးသားသီချင်းဟာ မူလဒို့ဗမာသီချင်းလို မာန်မပါဘူးလို့ပြောသွားပါတယ်။

ဒီအချက်တွေဟာ မြန်မာ့သမိုင်းမှတ်တမ်းတွေမှာ ကျန်ရစ် ချန်ရစ်ခဲ့ကြတဲ့ အဖြစ်အပျက်တွေဟာ အချိန်ကာလတစ်ခုအရောက်မှာ နိုင်ငံရေးဩဇာကြီးလာကြတဲ့ ကျောင်းသားသမဂ္ဂ အနွယ်ဝင် ကျောင်းသားခေါင်းဆောင်ကြီးတွေနဲ့အတူ ဝန်းရံခဲ့ကြတဲ့ သမိုင်းမှတ်တမ်းတင်ကြသူတွေနဲ့ အယူအဆမတူလို့လားမသိဘူးပေါ့နော်။ မှတ်တမ်းမှတ်ရာ အပြစ်ထင်ထင်ရှားရှားမလုပ်ခဲ့ကြတာဟာ ဝမ်းနည်းစရာပါ။

ဒါကြောင့်လည်း ရှေ့ပိုင်းမှာ ကျောင်းသားသမဂ္ဂဆိုတာ ရေခံမြေခံအရ အယူဝါဒမတူမှုတွေနဲ့ စတင်ခဲ့ကြတဲ့သမိုင်းအမွေကို လက်ဆင့်ကမ်းလာကြတာလားလို့တောင် ယူဆစရာ ဖြစ်ခဲ့မိရတာပေါ့လေ။

အဲ . . တက္ကသိုလ်သမဂ္ဂရဲ့သဘာဝကိုလေ့လာကြည့်မိတော့-

သမဂ္ဂအဆောက်အအုံဆိုတာ နိုင်ငံရေးခေါင်းဆောင်များရဲ့ အတွေးအမြင်တွေကို လာရောက်ပို့ချရာ နေရာဌာနကြီးလည်းဖြစ်ခဲ့တာ တွေ့ရမှာပါရှင်။

ဒေါက်တာဘမော်၊ ဘကြီးဘဘောတို့ဆိုတာ တစ်ဦးချင်းလည်း လာဟောပြောကြတဲ့နေရာ၊ သူတို့ချင်းလည်း အယူအဆ debate လုပ်ရာနေရာ။ ဒေါက်တာဘဟန်ရဲ့ ဘော်လ်ရှီဗစ်ဝါဒအကြောင်းလာရောက်ဟောပြောရာ။ အငြိမ့်မင်းသမီး ယုနီဗာစီတီမြသန်းကြည် လာရောက်ကပြဖျော်ဖြေရာ။ တယောဘဋ္ဌေရဲ့ လက်သံအစွမ်းပြလာရောက်တီးခတ်ရာ။ ရှင်လောကနာထရဲ့ လူ့ဦးခေါင်းတွင်း ဦးနှောက်မည်မျှရှိသည်ကိုသိရန် လာရောက်ပြီးခန့်မှန်းတိုင်းတာပြခဲ့ရာနေရာ။

ဂျာမနီမှာနေထိုင်တဲ့ မောင်မောင်ဂျိုးဆိုသူရဲ့ လွတ်လပ်ရေးအကြောင်း ဟောပြောရာ။

ဂျပန်မှပြန်ကြွတော်မူလာသော ဆရာတော်ဦးဥတ္တမရဲ့ ဟောကြားရာ။

အင်္ဂလိပ်စာကောင်းစွာတတ်တဲ့ ဒေါက်တာဘမော်နဲ့ အင်္ဂလိပ်စာကောင်းစွာမတတ်ခဲ့တဲ့ ဂဠုန်ဦးစောတို့နှစ်ဦးရဲ့ စကားရည်လုရာ။

# အကယ်ဒမီကို ရိုးရိုးရှင်းရှင်းနဲ့ တက်မယ့် ယုသန္တာတင်

မကြာခင်က ချစ်သူနဲ့လမ်းခွဲခဲ့သူ နောက်တစ်ယောက်ဖြစ်တဲ့ ယုသန္တာတင်က လတ်တလောမှာ ဗီဒီယိုရိုက်ဖြစ်နေပြီး အကယ်ဒမီအပြီး မတ်လဆန်းမှသာ ဒါရိုက်တာ ပြည်ဟိန်းသီဟ၊ သရုပ်ဆောင်ကျော်ကျော်ဗိုတို့နဲ့ ရုပ်ရှင်တစ်ကားရိုက်ဖို့လက်ခံထားတယ်လို့ ဆိုပါတယ်။ အကယ်ဒမီအကြောင်းမေးတဲ့အခါ "ဝတ်စုံစပွန်ဆာကများနေတော့ ဘယ်သူ့ဟာဝတ်ပေးရမလဲမသိသေးဘူး။ ပြီးတော့ အရောင်လည်း ရွေးနေသေးတယ်။ ဒီတော့ မတ် ၁၀ရက်နေ့လောက်မှသေချာပါမယ်"လို့ ဆိုပါတယ်။ ဝတ်စုံမှာ ရွေးဘယ်လောက်သားပါမလဲမေးတဲ့အခါ "ယုက မြန်မာဝတ်စုံမှာ ချိတ်ဆိုရင် ချိတ်သီးသန့်ဝတ်ရတာလေးကို ကြိုက်တယ်။ ပြီးတော့ အင်္ကျီမှာ accessories တွေအများကြီးဆင်တာကို အရင်ကတည်းကမကြိုက်ဘူး။ ဒါကြောင့် ဒီနှစ်လည်း ရွှေထည်အများကြီးပါတာမျိုးမဟုတ်ဘဲ ရိုးရိုးယဉ်ယဉ်ပုံစံနဲ့ပဲ အကယ်ဒမီပွဲတက်ပါမယ်"လို့ ဖြေပြီး အမျိုးသမီးဇာတ်ဆောင်ဆုကို ဝတ်မှုံရွှေရည် သို့မဟုတ် သက်မွန်မြင့်တို့ရနိုင်တယ်လို့ အသံကြားရပြီး ဘယ်သူရရ လက်ခုပ်တီး အားပေးဂုဏ်ပြုမှာဖြစ်တဲ့အကြောင်း ပြောခဲ့ပါတယ်■



စာမျက်နှာ ၁၇ သို့

www.free4reader.com



# စိန်ဘယက်ဆေးတိုက်မိသားစု အလှူတော်မင်္ဂလာ



ပဲခူးမြို့နေ ရွှေမော်ဓောစေတီတော်ဂေါပက (ဦးဘဌေး)+ဒေါ်တင်မြ၊ သွန်းတော်မူဘုရားကြီးဂေါပက (ဦးလှကြည်၊ ဒေါ်ရင်နွဲ့)တို့ကို အမှူးထား၍ အလှူ့ဒါယကာ တိုင်းရင်းဆေးသမားတော် ဦးကြည်





လင်းနဲ့ ဆရာမဒေါ်ချိုချိုမာ၊ သားသရုပ်ဆောင်သူရိယ၊ မောင်အောင်သူလင်း၊ မောင်ချမ်းပြေလင်း၊ သမီးခင်သစ္စာကြည်တို့ရဲ့ စိန်ဘယက်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစုတို့ရဲ့ ရဟန်းခံအလှူတော်မင်္ဂလာကို မတ် ၅ရက်၊ တနင်္ဂနွေနေ့မနက် ၈နာရီမှ နေ့လည် ၁၂ နာရီအထိ ဗုဒ္ဓအသံ ဓမ္မဗိမ္မာန်တော်ကြီး ပဲခူးမြို့မှာ ကျင်းပခဲ့ပါတယ်။ ဦးကြည်လင်း၊ ဒေါ်ချိုချိုမာတို့ရဲ့သား မောင်အောင်သူလင်း၊ မောင်ချမ်းပြည့်ပြည့်လင်းနဲ့ ဦးသက်နိုင်၊ ဒေါ်အေးမူတို့၏သား မောင်လွင်ဦးမောင်၊ ဦးဝင်းနိုင်၊ ဒေါ်ညိုဝင်းတို့၏သား မောင်အောင်ကိုမင်းတို့အား ရဟန်းဘောင်အဖြစ်သို့ သွတ်သွင်းခဲ့ပါတယ်။ အလှူတော်မင်္ဂလာပွဲတစ်ခုလုံးအတွက် ပြင်ဆင်မှုများ၊ ဓာတ်ပုံများကို အေမိုးမားမှတာဝန်ယူပြီး အခမ်းအနားမှူး ဦးရန်ပိုင်စိုးဖြစ်ပြီး အလှူသီချင်းကို ယဉ်ကျေးမှုတက္ကသိုလ်အဖွဲ့မှ သီဆိုကြပါတယ်။ တက်ရောက်လာသူများအား နေ့လည်စာနဲ့တည်ခင်းဧည့်ခံပြီး ညနေပိုင်း သိမ်ဆင်းလောင်းလှူပွဲကို မြို့မစာသင်တိုက် ဈေးပိုင်းရပ်မှာ ကျင်းပခဲ့ပါတယ်။ ရွှေနန်းသဘင် နန်းဝင်း၊ နန်းခင်မွှေးတို့နှင့် ယဉ်ကျေးမှုတက္ကသိုလ်တေးဂီတအဖွဲ့မှ အလှူမင်္ဂလာသီချင်းများနဲ့ဖျော်ဖြေကာ ရဟန်းတော်အလှူမင်္ဂလာ အောင်မြင်စွာပြီးဆုံးခဲ့ပါတယ်■



www.free4reader.com


ယခင်တစ်ပတ်မှအဆက်. . .



# ပင်ဒသရာစု နန်းတော်ထဲက သက်ဆိုင် ပါလီမန်

**ကေအမ်ကြီး**

ဝန်ကြီးချုပ်'ဟာရိုးမက်မီလန်'ကတော့ 'စီးကရက်သောက်ခန်း ဟာပါလီမန်ရဲ့ ဒုတိယအရေးကြီးဆုံးနေရာပါ'ပဲ လို့တောင် တင်စားခဲ့ဖူးပါတယ်။

၁၉ ရာစုခေတ်ကုန်ဆုံးတဲ့အချိန်အထိ ပါလီမန်တွင်းမှာ စကားစစ်ထိုးပွဲတွေ၊ အဆိုတင်သွင်းတာတွေကို ဘယ်လိုဆုံးဖြတ်ချက်ချတယ်ဆိုတာတွေကို တရားဝင် မှတ်တမ်းမှတ်ရာအဖြစ်အပြင်ကိုထုတ်ပြန်ခွင့်မရှိခဲ့ပါဘူး။ ဒီကြားထဲက သတင်းထောက်များအုပ်စုဟာ ဗျူဟာတစ်ရပ်ဖန်တီးပြီး သတင်းဖော်ပြခွင့်ကို အရယူနိုင်ခဲ့ကြပါတယ်။ ဒီလှုပ်ရှားမှုထဲမှာ ဒေါက်တာ 'ဆမ်မျူရယ်ဂျွန်ဆင်'ဆိုသူဟာ ထင်ရှားခဲ့ပါတယ်။

သူက ပါလီမန်တွင်းမှာ စကားစစ်ထိုးကြပုံကို အပြင်မှာကြားရတဲ့ကောလာဟလတွေအတိုင်း စုစည်းမှတ်တမ်းလုပ်ထားတယ်လို့လွှင့်လိုက်တဲ့အခါ ပါလီမန်အမတ်တွေဟာ သားကောင်များလိုကြောက်စိတ်ဝင်ပြီး တုံ့ဏှိဘာဝဖြစ်ကုန်ကြတယ်။ အမှားမှားအယွင်းယွင်းတွေအဖြစ် သတင်းဖော်ပြလာမှာကို စိုးရိမ်ထိတ်လန့်လာကြပါတယ်။ လူထုကိုထိရောက်အောင် ဘယ်လောက်စကားပြောကောင်းနိုင်တဲ့အမတ်တွေဖြစ်ကြောင်း သူတို့ရဲ့ထိရောက်တဲ့စကားတစ်ခွန်းကြောင့် ပါလီမန်ကကြီးကျယ်စရာ အမိန့်တစ်ရပ်ထုတ်ပြန်ခဲ့ရကြောင်းအပါအဝင် ပါလီမန်တွင်းဖြစ်ရပ်များကို လူထုကိုအသိပေးဖို့သင့်တယ်ဆိုတဲ့အသိကိုဖြစ်စေတဲ့ ရလဒ်ကိုရစေခဲ့ပါတယ်။ ဒါဟာအကျိုးရှိတဲ့ စိတ်ကူးယဉ်မှုကရလိုက်တဲ့ ရလဒ်လို့ဆိုရမှာပါ။

၁၆၇၀ ခုနှစ်ရဲ့ ညတစ်ညမှာတော့ ပါလီမန်အမတ် တစ်ယောက်ဖြစ်တဲ့ 'ဂျွန်ကိုဗန်ထရီ'ဟာ သူ့အိမ်အပြန်လမ်းမှာ ဓားပြတွေနဲ့တွေ့ပြီး ပြင်းထန်တဲ့တိုက်ခိုက်မှုကို ခံလိုက်ရတယ်။ အမတ်ဖြစ်တဲ့ ဂျွန်ကိုဗန်ထရီဟာ ခေါင်းကြောမာတယ်။ စိတ်ဓာတ်ပြင်းထန်တယ်။ လွတ်လွတ်လပ်လပ်တွေးပြီး ခပ်ရဲရဲပြောတတ်တယ်။ ပြီးတော့ အစောင့်အရှောက်ကို အားကိုးတဲ့သူမဟုတ်ဘူး။ ဒီလုပ်ရပ်ဟာ တမင်သက်သက် လူဆိုးလူသွမ်းတွေအဖြစ် ဟန်ဆောင်ပြီး သူ့ကိုတိုက်ခိုက်ကြသူတွေဟာ ဘုရင့်အမိန့်ကြောင့်ဖြစ်လိမ့်မယ်လို့ သူသံသယဝင်သွားတယ်။ ပြီးတော့ အဲဒီခေတ်ကာလလန်ဒန်ရဲ့လမ်းမတွေဟာအန္တရာယ်ရှိပြီးမလုံခြုံဘူး။ ပါလီမန်အမတ်တွေက သူတို့ရဲ့အိမ်အပြန်ကို လမ်းတူရာလူစုပြီးမှ မီးအိမ်ကြီးတွေကို ကိုယ်စီကိုင်ပြီး အိမ်ပြန်ကြရတဲ့ထုံးစံကလည်းရှိနေတယ်။ အဲဒီ ဖြစ်ရပ်ဖြစ်ပြီးတဲ့နောက်မှာ တောင်းပန်ခယတဲ့အသံနဲ့ "အခုအိမ်ပြန်မှာ ဘယ်သူ့အလှည့်လဲ"လို့ နန်းတော်ဟောင်းကြီးဆီက အသံကြားရလောက်အောင် ပဲ့တင်သံထပ်စေတဲ့ ကျယ်လောင်သံမြူပြီး ဘုရင်ကြားအောင် သွယ်ဝိုက်ကာ အော်သံပြုရတယ်။ တစ်နည်းအားဖြင့် ပါလီမန်အမတ်တွေရဲ့ အိမ်အပြန်လမ်းများကို လုံခြုံဖို့ အန္တရာယ်ကင်းဖို့ အစောင့်အရှောက်တွေစီစဉ်ပေးဖို့ သွယ်ဝိုက်အသိပေးခြင်းပါပဲ။

ဒီကနေ့ကာလမှာတော့ ပါလီမန်တစ်နေ့တာ ရပ်နားတဲ့အခါဩဇာအာဏာကြီးသူအမတ်မင်းတို့ရဲ့ အထောက်အပံ့အပေးအကမ်းကိုရလို့ ကျေနပ်နေကြတဲ့ လုံခြုံရေးပုလိပ်တို့က သူတို့ရဲ့တာဝန်ကျရာ လုံခြုံရေးအဆောက်အအုံနေရာမှာ သူတို့အပေါ် အလေးထားဆက်ဆံခြင်းကို ရရှိတယ်ဆိုတဲ့ လေးစားကျေနပ်စိတ်နဲ့ "အခုပြန်မှာ ဘယ်သူ့အလှည့်ပါလဲခင်ဗျာ"လို့ ပါလီမန်အမတ်တွေကို ဓလေ့တစ်ခုအဖြစ် အသံပြုလေ့ရှိတတ်ပါတယ်။

ပါလီမန်ထဲက ယဉ်ကျေးသိမ်မွေ့တဲ့ ထီးနန်းဟန်တွေနဲ့ တစ်ချိန်သောကာလက ပြောဟန်ဆိုဟန်တို့ကို ထားရစ်ခဲ့ကြပါတော့လေ■

**ကေအမ်ကြီး**

ဘာမျက်နှာ ၈ မှစာဆက်. . .

မြင်မှုက 'ပြင်သစ်'တင်မကတော့ဘဲ အတ္တလန်တိတ်သမုဒ္ဒရာရဲ့ တစ်ဖက်အထိ ထင်ရှားလာပါတယ်။

စတိုင်ကျမှု (Chic) ဖြစ်စေဖို့ ပန်းချီဆေးစပ်ပြားပေါ်က အရောင်မျိုးစုံရောယှက်နေတဲ့ ဆက်စပ်မှုတွေကို အခြေခံယူပေမယ့် ကိုကိုချန်နယ်ရဲ့အရောင်ရောယှက်မှုက အရောင်ပါးလေးတွေကို တစ်ရောင်ချင်းထပ်ထားသလို ထွင်းပြီးမြင်ရတဲ့ အရောင်ထပ်နေကြသလို ဒီဇိုင်းပုံစံတွေနဲ့ ဒီဇိုင်နာရဲ့အမှတ်တံဆိပ်ကို ထင်သာမြင်သာဖြစ်အောင် ဝတ်ဆင်စေတဲ့ (Sportive) အယူအဆဟာ 'ကိုကိုချန်နယ်'ကစတင်ခဲ့တာဖြစ်ပြီး ဒီနေ့အထိလည်းသူ့အယူအဆတွေဟာ ခေတ်အမြင်ကို ဆွဲဆောင်နေဆဲမရိုးဟောင်းနိုင်ဆဲပါပဲ။

သူ့ရဲ့အကြည်ရောင်မျိုးစုံကို အရောင်စပ်ထားဟန်ဒီဇိုင်းမှာ အရောင်တွေကို အကန့်လိုက်လွှာချင်းထပ်ထားသလို ချုပ်လုပ်ထားပုံနဲ့ပေါင်းစပ်လိုက်တဲ့အခါ 'ညပွဲ'တွေမှာဝတ်ဆင်တဲ့အခါ စိတ်လှုပ်ရှားစရာအမြင်ကို ဖြစ်စေပါတယ်။

၁၉၂၀ ဝန်းကျင်နဲ့ ၁၉၃၀ ဝန်းကျင်တွေမှာ 'ကိုကိုချန်နယ်'ထုတ်ခဲ့တဲ့ဒီဇိုင်းတွေကို ခုချိန်မှာ မေ့လျော့နေတတ်ကြပေမယ့် ပြန်လည်ဆန်းသစ်ဖို့အတွက် မှီငြမ်းကြရမှန်းသိတဲ့ ခေတ်သစ်ဖက်ရှင်ဒီဇိုင်နာတွေကတော့ အဲဒီခေတ်ကာလက သူထွင်ခဲ့တဲ့မိန်းမဆန်လွန်းတဲ့ နေ့လည်ခင်းပွဲတက်ဝတ်စုံ တွေထဲက ဇာထည် 'lace' ဒီဇိုင်းတွေကို အများဆုံးမှီငြမ်းတတ်ကြပါတယ်။ ဘာကြောင့်ဆို ကိုကိုချန်နယ်ရဲ့ 'lace' ဒီဇိုင်းတွေက အဲဒီနေ့ပွဲလမ်းအတွက်ဝတ်ဆင်မယ့်အမျိုးသမီးကို ပရိသတ် အလယ်မှာ လှမ်းမိုးမှုအဆင့်အမြင့်ဆုံးဖြစ်စေတယ်လို့ ထင်မြင်နေကြဆဲဖြစ်တာကြောင့်ပဲဖြစ်ပါတယ်။

ဒီလိုအောင်မြင်ထင်ရှားပြီးတော့ လက်ရာမြောက်တဲ့ ဒီဇိုင်းတွေကို ဖန်ဆင်းခြယ်သနိုင်တဲ့ ကိုကိုချန်နယ်ဟာ 'ပါရီ'မှာ သူတစ်ယောက်တည်း ပြိုင်ဘက်မရှိထင်တိုင်းကျဲနိုင်လောက်အောင် အခွင့်အရေးရှိနေလို့ အခုလိုအောင် မြင်ရတာလားလို့ မယူဆလိုက်ပါနဲ့။

ပါရီမှာသူ့ပြိုင်ဖက်တွေဖြစ်တဲ့ Vionnet, Madame Gres နဲ့ Lanvin တို့လောက်ပဲ အဲဒီကာလက ရှိတာပဲလေလို့ ထင်ရင်လွဲမှာပါ။ ဘာကြောင့်ဆို အဲဒီဒီဇိုင်နာတွေအပြင် CoCo Chanelရဲ့ အဓိက ပြိုင်ဖက် ၂ခုရှိသေးလို့ပါပဲ။ သူတို့ကတော့ ၁၉၂၀ ဝန်းကျင်တွေမှာ သူအောင်မြင်မှုရဖို့အတွက် အဓိက ယှဉ်ခဲ့ရတဲ့ Patou နဲ့ ၁၉၃၀ ဝန်းကျင်မှာ အဓိက ယှဉ်ခဲ့ရတဲ့ Schiaparelli တို့ကို အကျိတ်အနယ်ယှဉ်ပြီး ဖက်ရှင်ဒီဇိုင်နာတစ်နေရာရဖို့ အားထုတ်ခဲ့ရတာဖြစ်ပါတယ်။ ရလာတဲ့တစ်နေရာမှာ အခြေခိုင်ဖို့အတွက်လည်း သူ့ပြိုင်ဖက်တွေရဲ့ ဖက်ရှင်ဒီဇိုင်းတွေအပေါ် 'ဘာမှလည်းမဟုတ်လောက်ပါဘူး'ဆိုတဲ့အမြင်မျိုးဖြစ်အောင် သူ့ရဲ့လက်ရာတိုင်းအပေါ် ဒီဇိုင်းတစ်ခုချင်းအလိုက် ယှဉ်ခဲ့ရတာပါ။




Patou ဆိုတာက အမေရိကားမှာ အကြီးအကျယ်အောင်မြင်နေတဲ့ ဖက်ရှင်ဒီဇိုင်နာဖြစ်ပြီး၊ ပြင်သစ်ဖက်ရှင်ဈေးကွက်ထဲကို ငွေကြေးအရင်းအနှီးအောတိုက်မြှုပ်နှံပြီး လာလုပ်ကိုင်နေတဲ့အတွက် ကိုကိုချန်နယ်အတွက် အတော့်ကို အပင်ပန်းခံပြီး ယှဉ်ခဲ့ရသလို Schiaparelli ကလည်း ရာသီအလိုက်ထုတ်လုပ်မယ့်ဖက်ရှင်ဒီဇိုင်းတွေကို ဖျော်ဖြေပွဲတွေ၊ လူစိတ်ဝင်စားမယ့် အစီအစဉ်တွေနဲ့ ထိရောက်အောင် စီစဉ်ခဲ့သူဖြစ်ပါတယ်■

နောက်တစ်ပတ်ဆက်ဖတ်ပါ၊

www.free4reader.com

## နံ့နက်ခင်းမှ

### ထွက်လာတော့မည့်စာအုပ်ကောင်းများ







စာဖတ်ပရိသတ်များအတွက်

ဈေးအသင့်တော်ဆုံး၊စာအုပ်အရည်အသွေးအကောင်းဆုံးဖြင့်

စာကောင်းပေမွန်များကိုဆက်တိုက်ထုတ်ဝေပါတော့မည်ဖြစ်ကြောင်း။

www.free4reader.com



၁၈-၃-၂၀၁၇ ရက်နေ့မှာ ၂၀၁၆ခုနှစ်အတွက် ရုံတင်ရုပ်ရှင် ၃၃ ကားမှ ဆန်ကာတင် ၁၀ကားကို ရွေးချယ်ကာ အဲဒီထဲက ဆုရသူများ စာရင်းကို ဖွင့်ဖောက်ကြေညာတော့မှာဖြစ်ပါတယ်။ တစ်ကြိမ်စာရင်းများ အရ အကောင်းဆုံးအမျိုး သမီးဇာတ်ပို့ဆုကို ရနိုင်ခြေရှိသူတွေထဲမှာ ဝါရင့်ဒရာမာသရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ထူးမွန်လည်း ပါဝင်ခဲ့ပါတယ်။

နောက်ထပ်ထူး ခြားတာတစ်ခုက အကယ်ဒမီပွဲအပြီး မတ် ၂၁ရက် နေ့ဟာ ထူးမွန်ရဲ့မွေးနေ့လည်းဖြစ်တာမို့ ပရိသတ်ကများ အမှတ်တရ လက်ဆောင်ပေးလေ့မလားရယ်လို့လည်း တွေးမိပါတယ်။ ထူးမွန်ဟာ ဒါရိုက်တာဦးမောင်မောင်မြင့်၊ မင်းသားပြေငြိမ်းတို့ရဲ့ သုခုမရုပ်ရှင်မျိုး ဆက်ဖြစ်ပြီး ဒါရိုက်တာဆရာဦးနန္ဒရိုက်ကူးခဲ့တဲ့ 'ရွှေနှံ့သာစံအိမ်'ရုပ်ရှင် မှာ အိမ်ဖော်'အပုလေး'အဖြစ် သရုပ်ဆောင်စဉ်ကလည်း အကယ်ဒမီနဲ့ လွဲခဲ့သူဖြစ်ပါတယ်။

ဒါ့အပြင် ယခုအကယ်ဒမီဆန်ကာတင်စာရင်းဝင်တဲ့ ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်ရဲ့ 'အုတ်ကြားမြက်ပေါက်'ရုပ်ရှင်ဟာလည်း ဒါရိုက် တာညွန့်မြန်မာညီညီအောင်နဲ့ မင်းသားနေမင်းတို့ရဲ့ဘဆင်မပြေမှု၊ မင်း



# ထူးမွန်အတွက် လက်ဆောင်

သမီး စိုးမြတ်သူဇာနဲ့ ထူးမွန်တို့ရဲ့ဇာတ်ကောင်နေရာရွှေ့မှုတို့ဟာလည်း ပြဿနာရှိခဲ့ပါတယ်။ ကျွန်တော်သိရသလောက် နေမင်းရဲ့ အမေနေရာ မှာ ပထမ မထူးမွန်ပါ။ နောက်ပိုင်းမှာတော့ ကုမ္ပဏီရဲ့ဆုံးဖြတ်ချက်အရ စိုးမြတ်သူဇာဖြစ်သွားပါတယ်။ အဲဒီအတွက် အဆင်မပြေမှုလေးတွေဖြစ်ခဲ့ တာပါ။ သို့သော် ရုပ်ရှင်တကယ်ရိုက်တဲ့အခါမှာရော၊ ပရိသတ်ရှေ့ရောက် တဲ့အခါမှာပါ စိုးမြတ်သူဇာရဲ့နေရာဟာ လုပ်ကွက်နည်းသလို အဲဒီဇာတ် ကောင်စရိုက်ဟာလည်း ထူးမွန်နဲ့လုံးဝမလိုက်ပါဘူး။ အနုပညာသမား ဆိုတာ ဆေးစက်ကျရာပါလို့ပြောမယ်ဆိုရင်တော့ မထူးမွန်တစ်ယောက် အတော်ကြိုးစားယူရမယ့်အနေအထားမှာရှိနေပါတယ်။

ယခု အကယ်ဒမီဆန်ကာတင်စာရင်းဝင်တယ်ဆိုတဲ့ ဇာတ်ဝင်ခန်းကို ရိုက်ကူးစဉ်က အထူးသဖြင့် သူများပစ္စည်းခိုးလာတဲ့သားနဲ့ ထူးမွန်တို့ အခြေအချစကားပြောခန်း၊ သားဦးပဉ္စင်းကို မြင်တွေ့ခန်းတွေ ရိုက်တဲ့ အခါကတည်းက ထူးမွန်အကယ်ဒမီရနိုင်တယ်လို့ ပြောကြသလို ဒါရိုက် တာရော၊ သရုပ်ဆောင်တချို့ပါ မျက်ရည်ကျကြသည်အထိ သရုပ်ဆောင် ကောင်းခဲ့တာပါ။ ဒါပေမယ့်မထူးမွန်က အဲဒီကိစ္စတွေနဲ့ပတ်သက်လို့ မည် သူ့ကိုမှ အစာကြေပုံမရပါဘူး။ အဲဒီနောက်ပိုင်း ကားလည်း သိပ်ရိုက်တာ မတွေ့ရပါဘူး။ သို့သော် ဟလောကတော့ ရွှေစင်ဦးဗီဒီယိုထုတ်လုပ်ရေးနဲ့ ရိုက်ခဲ့တာမို့ ကုမ္ပဏီနဲ့တော့ အဆင်ပြေသွားပြီလို့ထင်ပါတယ်။ ဒါကြောင့် ၂၀၁၆ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကိုသာ မထူးမွန်ရခဲ့ရင် စိတ်ထဲ ရှိတာတွေလည်း ပြေသွားမယ်ထင်ပါတယ်။ ပရိသတ်ပေးတဲ့ မွေးနေ့ဆု မွန်ဖြစ်ပါစေလို့လည်း ဆုတောင်းပေးပါတယ်။

မထူးမွန်နဲ့အတူ ယခု ၂၀၁၆ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသမီး ဇာတ်ပို့ဆုရနိုင်တယ်လို့ တစ်ကြိမ်စာရင်းထွက်လာသူတွေကတော့ ဒါရိုက် တာ ကိုဇော်(အရုဏ်ဦး)ရိုက်ကူးတဲ့ 'ဘွန်တ္တောကြက်သူခိုး'ရုပ်ရှင်မှ ဝါဝါ အောင်၊ ဒါရိုက်တာဦးမိုးပွားရဲ့ 'ဓဒင်ရဲ့နတ်သမီး'ရုပ်ရှင်မှ ပိုင်ဖြိုးသု၊ ဒါ ရိုက်တာ ခင်ဇောမျိုးရဲ့ 'ငဘ'ရုပ်ရှင်မှ အေးမြတ်သူတို့ ဖြစ်ကြပါတယ်။ ဘယ်သူတွေက ဇာတ်ပို့ဆုကို ထိုက်ထိုက်တန်တန်ဆွတ်ခူးသွားမလဲဆို တာကတော့ အချိန်တစ်ပတ်ခန့်သာလိုပါတော့တယ်။ ပရိသတ်တွေ ရစေ ချင်သောသူနဲ့ ဆုရသောသူတစ်ထပ်တည်းဖြစ်စေလိုပါကြောင်းလည်း ရေးသားတင်ပြလိုက်ရပါတယ်■

**တင်မောင်ဆွေ**



# အကယ်ဒမီဆုရွေးချယ်ရေးအဖွဲ့ကို ယုံကြည်တဲ့တစ်နေ့ ပွဲတက်မယ်... လိုင်လာခန်း

၂၀၁၅ အကယ်ဒမီမှာ အကောင်းဆုံးအမျိုး သမီးဇာတ်ပို့ဆုနဲ့ တည့်တည့်ကြီးလွဲခဲ့ရတဲ့ လိုင် လာခန်းက ယခုနှစ်အကယ်ဒမီကို မတက်တော့ ဘူးလို့ပြောပါတယ်။ လတ်တလောမှာ သင်တန်း တစ်ခုလည်းဖွင့်ထားတယ်လို့သိရတာမို့ အကယ် ဒမီခံစားမှုအပါအဝင် လိုင်လာခန်းနဲ့ အင်တာ ဗျူးဖြစ်ခဲ့ပါတယ်။

**သမီးက သင်တန်းဖွင့်ထားတယ်ဆိုတော့ ဘာသင်တန်းတွေလဲ။ ဘယ်သူတွေလာတက်ကြလဲ။ အဲဒါအရင်ပြောပြပါဦး။**

သမီးတို့ငယ်ငယ်က နွေရာသီကျောင်းပိတ်ရက်ဆိုရင် အင်္ဂလိပ်စကားပြောနဲ့ကွန်ပျူတာအခြေခံလောက်ပဲရှိခဲ့ ပါတယ်။ အခြားနိုင်ငံတွေမှာဆိုရင် မူတန်းကလေးတွေတောင် အကသင်တန်း၊ ယောဂသင်တန်း စသဖြင့် သင်တန်းများစွာ တက်ကြပါတယ်။ အိန္ဒိယမှာဆိုလည်း အကကို ငယ်ကတည်းကသင်တော့ မင်းသမီးဖြစ်လာ တဲ့အခါ ပိုပြီးကျွမ်းကျွမ်းကျင်ကျင်ကလာတတ်တဲ့သဘောရှိပါတယ်။ အရွယ်ရောက်လာတဲ့ကလေးတစ်ယောက် ဟာ နွေရာသီတိုင်း လိုအပ်တဲ့သင်တန်းတွေ တက်ဖြစ်တဲ့အခါ perfect ဖြစ်လာတယ်လို့ မြင်မိပါတယ်။ ပြီး တော့ ဘယ်နိုင်ငံသွားသွား မိန်းကလေးတော်တော်များများ စမတ်ကျကြတယ်။ ကိုယ့်ကိုယ်ယုံကြည်မှုရှိကြတာ တွေ့ရတယ်။ ရုပ်မလှရင်တောင် ဖက်ရှင်ကမိုက်နေပြီး စွဲဆောင်မှုရှိတယ်ပေါ့။ ဒါကြောင့် မိန်းကလေးတွေ အတွက် စတိုင်လစ်ရယ်၊ body language ရယ်ကို ပရိုဂရမ်တစ်ခုအနေနဲ့သင်ပေးတယ်။ ပြီးတော့ ဘောလီးဝုဒ်က ဆရာမတွေကိုခေါ်ပြီး dance လည်းသင်ပေးတယ်။ ဘောလီးဝုဒ် မိတ်ကပ်ဆရာမကလည်း သင်ပေးတာရှိတယ်။ အခုယောဂသင်တန်း ထပ်တိုးဖွင့်ပါတယ်။

**သမီးကိုယ်တိုင်က ဘာသင်သေးလဲ။**

သမီးက စတိုင်လစ်ကိုသင်ပေးတယ်။ ကျန်တာတွေက တကယ့်ပညာရှင်ဘောလီးဝုဒ်ကဆရာမတွေက သင်ပေးကြတာပါ။ သင်တန်းတွေကို ဩဂုတ် ၁ရက်နေ့ကစဖွင့်တယ်။ သင်တန်းက တစ်လတစ်ခါ ဆင်းတယ်။ အောင်လက်မှတ်လည်းပေးပါတယ်။ ဘောလီးဝုဒ်ဒန့်စ်ကို မြန်မာအမျိုးသမီးတွေလည်း လာသင်ကြပါတယ်။ ထားထက်ထက်၊ သန္တာလှိုင်၊ ခရစ္စတီးနား၊ ချစ်စနိုးအောင်အောင်တို့လည်း တက်ကြပါတယ်။

**ဒီနှစ်အကယ်ဒမီပွဲတက်ဖို့အစီအစဉ်ရှိမလို။**

လုံးဝမတက်ပါဘူးရှင် (ရယ်ပါသည်)။ ဘာဖြစ်လို့လဲဆိုတော့ အကယ်ဒမီအတွေ့အကြုံက သမီးအတွက် funny ဖြစ်ခဲ့တယ်။ ကိုယ်မရလို့ပြောတာမဟုတ်ပါဘူး။ သမီးအပြင် ဦးမျိုးတို့အတွက်ပါ မထင်တာတွေဖြစ်သွားခဲ့ တဲ့အတွက် အတော်လေးလည်းအံ့ဩခဲ့တယ်။ အနုပညာတစ်ခုတည်းကိုကြည့်ပြီးဆုံးဖြတ်တာမဟုတ်ပါလား ဆိုပြီး မယုံကြည်တော့တာပါ။ လူကြီးတွေကိုတော့ လေးစားပါတယ်။ လုပ်ချင်တာလုပ်လို့ရတဲ့ပုံစံမျိုးကြီးဖြစ်ခဲ့ တယ်။ ဒါကြောင့်လူတစ်အုပ်စုချယ်လှယ်လို့ရတဲ့ ဒီအကယ်ဒမီပွဲကို လုံးဝအထင်မကြီးသလို တက်မှာလည်း မဟုတ်ပါဘူး။ ဒါပေမယ့် အကယ်ဒမီဆုရွေးချယ်ရေးအဖွဲ့ကို သမီးယုံကြည်တဲ့တစ်နေ့ ရုပ်ရှင်လည်း ဆက်ရိုက်နေ သေးတယ်ဆိုရင် တက်ဖြစ်ပါမယ်။

**သမီးနောက်ထပ်ရိုက်ထားတဲ့ ဒါရိုက်တာဦးမျိုးမင်းရဲ့ "ရာဇဝင်ရိုင်းသူများ"ရုပ်ရှင်မှာ ကာရိုက်တာက ပထမကားနဲ့ပြောင်းပြန်ဆိုတော့ အကယ်ဒမီ အတွက် ထပ်ပြီးရင်ခုန်လို့ရနိုင်မလား။**

အန်ကယ်ကတော့လုပ်ပြီ (ရယ်ပါသည်)။ ထားလိုက်ပါတော့။ သမီးမပြောတော့ပါဘူး။ အဲဒါကလည်း ပရိသတ်ရဲ့အဆုံးအဖြတ်ပေါ်မှာပဲ မူတည်တာပါ။ ဒါကြောင့်လည်း စိတ်ချယုံကြည်ရတဲ့တစ်နေ့ ပွဲတက်မယ်လို့ ပြောခဲ့တာပါ■

www.free4reader.com



# ဒီတစ်ပတ်တော့ ဆောင်စရာရှောင်စရာ

ဆရာအောင်တာလေ

### တနင်္ဂနွေသားသမီး

ဒီအချိန်ဟာ အပြောင်းအလဲတွေများတဲ့အချိန်ပါ။ ငွေကုန်ကြေးကျများတာတွေရပ်တန့်သွားပါလိမ့်မယ်။ တောင်တန်းဒေသ၊ ရေနံ့နီးတဲ့နေရာတွေကို ခရီးထွက်ရတတ်တယ်။ ဖခင်ရဲ့ကူညီမှုကို ရတတ်တယ်။ အိမ်မှာနေချင်စိတ်ပျောက်နေလိမ့်မယ်။ အိမ်တွင်းရေးကတော့ အလွန်သာယာနေပါလိမ့်မယ်။ စီးပွားရေးသမားတွေအနေနဲ့ ပစ္စည်းတွေ သိုလှောင်ထားတာရှိရင် ထုတ်ရောင်းသင့်တဲ့အချိန်ပါ။ ဒီအချိန်မှာ လူမှုရေးလုပ်ငန်းတွေ ရှောင်သင့်ပါတယ်။ ပျို့ရွယ်သူများအဖို့ အိမ်ထောင်ကျနိုင်တဲ့အချိန်ပါ။ ကျန်းမာရေးကတော့ ခေါင်းကိုက်ဝေဒနာခံစားရတတ်တယ်။

***ယတြာ - နွားနို့နှစ်ခွက်ကို အိမ်ဘုရားမှာလှူပေးပါ။***

### တနင်္လာသားသမီး

ဒီကာလမှာ အစစအရာရာ ပြန်လည်နိုးထလာလိမ့်မယ်။ ဆိုးနေတဲ့အရာတွေကောင်းသွားပြီး ကောင်းနေတဲ့အရာတွေ ဆိုးသွားပါလိမ့်မယ်။ အရက်သမား အရက်ပြတ်တဲ့ကိန်းပါ။ ဆုံးရှုံးထားတဲ့အရာတွေ ပြန်ရလာပါလိမ့်မယ်။ လက်အောက်ငယ်သားသားသမီးတွေ အကူအညီပေးလာပါလိမ့်မယ်။ ပွဲလမ်းသဘင်တွေလည်း ဆင်နွှဲရတတ်ပါတယ်။ ကျန်းမာရေးသတိထားပါ။ ရောဂါဟောင်းပြန်ထလာတတ်တယ်။ အိမ်ထောင်ဘက်ကြောင့် စိတ်ချမ်းသာရတတ်တယ်။ ပျို့ရွယ်သူများအဖို့ မုန်းနေတဲ့သူ မေတ္တာလည်လာပါလိမ့်မယ်။ ကျန်းမာရေးကတော့ မိုးမိပြီး အအေးပတ်တတ်ပါတယ်။

***ယတြာ - နာရေးလိုက်ပို့လိုက်ပါ။***

### အင်္ဂါသားသမီး

အင်မတန်စန်းပွင့်နေတဲ့ကာလပါ။ ချစ်သူခင်သူများနေပါလိမ့်မယ်။ အိမ်ထောင်သည်တွေအဖို့ သတိထားရမယ့်အချိန်ပါ။ မိမိကိုလည်း စုံတွဲတွေ၊ လင်မယားတွေ၊ ဆွေမျိုးတွေက အကူအညီပေးမယ့်အချိန်ပါ။ မိသားစုကိုကင်းကွာပြီး အလုပ်လုပ်လို့မရပါ။ အဝတ်အစားတွေ ပေးလှူရတတ်ပါတယ်။ မိမိရည်းစား၊ အိမ်ထောင်ဘက်က မိမိကို မျက်စိဒေါက်ထောက်ကြည့်နေတတ်တယ်။ ခရီးသွားလို့မကောင်းသေးပါ။ ပျို့ရွယ်သူများအတွက် စိတ်ချမ်းသာရမယ့်အချိန်ပါ။ ကျန်းမာရေးက ပေါင်ကြားယားယံတတ်ပါတယ်။

***ယတြာ- နှင်းဆီပန်း ၇ပွင့် ဘုရားလှူပါ။***

### ဗုဒ္ဓဟူးသားသမီး

အိပ်တွင်းရေး မသာမယာဖြစ်တတ်ပါတယ်။ ဒီအချိန်မှာအမှုဖြစ်ရင် မိမိဘက်က ရှုံးတတ်ပါတယ်။ အရာရာစိတ်မချမ်းသာစရာတွေ ဆက်တိုက်ဆိုသလို ကြုံရတတ်ပါတယ်။ ဒီတော့ ဒီအချိန်မှာ ဘယ်သူ့ကိုမှအနိုင်မယူတာ အကောင်းဆုံးပဲ။ မထင်မှတ်တဲ့အလုပ်တွေရပ်ဆိုင်းသွားတတ်တယ်။ ဘာသာရေးအားထုတ်ပါ။ ဗိုဗိုအိပ်တွင်းရေးကို သူတစ်ပါးက ဝင်ရောက်ခြယ်လှယ်တတ်ပါတယ်။ ငွေကြေးလည်း ပျောက်ရှတတ်တယ်။ စားစရာမရှိ၊ လော့်စရာရှိဆိုသလို စိုက်လျော်ရတတ်တယ်။ ငွေကြေးအရှုပ်အရှင်းတွေ ရှောင်လေကောင်းလေပါ။ ပျို့ရွယ်သူများအဖို့ အိမ်ထောင်ရှိတဲ့သူနဲ့တွေ့ရတတ်ပါတယ်။ ကျန်းမာရေးအနေနဲ့ အိပ်ရေးပျက်တတ်ပါတယ်။ ***ယတြာ - ချိုပါတဲ့သစ္စာဝါကို အစာကျွေးပါ။***

### ကြာသပတေးသားသမီး

ဘုန်းကံကြီးမယ့်အချိန်ပါ။ တပည့်လက်သားတွေဆီက အကူအညီရတတ်တယ်။ ပညာဘွဲ့တစ်ခုရတတ်ပါတယ်။ အလှူအတန်းတစ်ခုလုပ်ရတတ်ပါတယ်။ ဆရာသမား၊ ဘုန်းတော်ကြီးတွေ ကူညီမစတတ်တယ်။ အနီရောင်အဝတ်အထည်လက်ဆောင်ရတတ်တယ်။ ဒီအချိန်မှာ ပေးချင်၊ ကမ်းချင်၊ ကျွေးချင်၊ မွေးချင်တဲ့သူတွေ ပေါ်များတတ်ပါတယ်။ အမိဋ္ဌာန်တစ်ခု လုပ်ရတတ်ပါတယ်။ ကျောင်းသူကျောင်းသားတွေအဖို့ ပညာရေးနဲ့ပတ်သက်လို့ စိတ်ချမ်းသာရတတ်တယ်။ စီးပွားဥစ္စာတက်လာပါလိမ့်မယ်။ ပျို့ရွယ်သူများအဖို့ နောက်တစ်ယောက်တွေ့တတ်ပါတယ်။ ကျန်းမာရေးကတော့ နှာစေး၊ ချောင်းဆိုးဖြစ်တတ်ပါတယ်။

***ယတြာ - ဝါဆိုသင်္ကန်းကပ်လှူပါ။***

### သောကြာသားသမီး

အမှန်တရားက မိမိဘက်မှာရှိနေပါတယ်။ ဘယ်ကိစ္စမဆို မှန်တယ်ထင်ရင် ရဲရဲသာတိုးပါ။ ဈေးသည်တွေအတွက် ရောင်းပန်းသာလို့ ဝယ်ပန်းလှပါလိမ့်မယ်။ ကုန်သည်တွေအတွက် အမြတ်နည်းနည်းနဲ့ ပစ္စည်းများများထွက်တတ်ပါတယ်။ အိမ်ထောင်သည်တွေအဖို့ တိုင်တိုင်ပင်ပင်လုပ်သင့်တဲ့အချိန်ပါ။ ခရီးပေးသွားရတတ်ပါတယ်။ မှန်လွန်းအားကြီးလို့ မိတ်ဆွေရင်းတွေနဲ့ လမ်းခွဲရတတ်တယ်။ ပျို့ရွယ်သူများအဖို့ အချစ်ရေးမှာ စကားများပြီး ပြတ်စဲရတတ်တယ်။ ကျန်းမာရေးကတော့ ညောင်းကိုက်တဲ့ဝေဒနာခံစားနေရတတ်ပါတယ်။

***ယတြာ - စားပွဲခုံပေါ် ဓားတစ်ချောင်းတင်၊ ဓားပေါ်မီးထွန်းဆုတောင်းပါ။***

### စနေသားသမီး

သတိအင်မတန်ထားရမယ့်ကာလပါ။ အရာရာပျက်စီးဘာပျက်စီးကြောင်း ဖြစ်မယ့်အရာတွေပဲတွေ့နေရတတ်တယ်။ ခြိမ်းခြောက်ခံရတတ်တယ်။ ဒီအချိန်မှာ ဘယ်မှမသွားပဲ အိမ်တွင်းပုန်းနေရင် အတော်ကောင်းမယ်။ မရှိပါဘူးဆိုမှ အလှူခံတွေချည်းပဲတွေ့နေရတတ်တယ်။ ရပ်ဝေးက နာရေးသတင်းကြားရတတ်တယ်။ ဒီကာလမှာ ဂုဏ်မာနထောင်လွှားလို့မရပါဘူး။ မိမိအားတွေ့သူ ကြုံသူအားလုံးက အထင်သေး၊ အမြင်သေးဆက်ဆံတတ်တယ်။ မီးလောင်ခြင်း၊ ဓာတ်လိုက်ခြင်း၊ အပူလောင်ခြင်းတို့ဖြစ်တတ်တယ်။ မိမိတင်မကဘူး၊ အိမ်မှာရှိတဲ့သူတွေပါ ဆေးရုံဆေးခန်းရောက်တတ်ပါတယ်။ ပျို့ရွယ်သူများအဖို့ ဒေါသလျှော့လိုက်ရင် အဆင်ပြေသွားပါလိမ့်မယ်။

***ယတြာ - နို့ဆီဘူးတစ်ဘူး ဘုန်းကြီးလှူပေးပါ။***




## ၂၀၁၆ အကယ်ဒမီ ခန့်မှန်းဆုရှင်များ

နံနက်ခင်းသတင်းဂျာနယ်ကနှစ်စဉ်လို အကယ်ဒမီပာစ်ကြိုစာရင်းများကို ရွေးချယ်ရေးသားလေ့ရှိပါတယ်။ မှန်တာများရှိသလို လွဲတာများလည်း ရှိပါတယ်။ ဒီနှစ်မှာလည်း အစဉ်အလာမပျက် အကယ်ဒမီခန့်မှန်းသတင်းကိုကြိုတင်ရေးသားလိုက်ရပါတယ်။

**အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု**
ထွန်းထွန်း - အုတ်ကြားမြက်ပေါက်။

**အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု**
ဦးဇင်ဝိုင်း - ချစ်လှစွာသောအမုန်း
သို့မဟုတ် ကိုလူမင်း -ဆားပုလင်းနှင်းမောင်နှင့်မြိုင်ရာဇာတာတေ

**အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု**
သက်မွန်မြင့် - ချစ်လှစွာသောအမုန်း

**အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု**
ထူးမွန် - အုတ်ကြားမြက်ပေါက်

**အကောင်းဆုံးဇာတ်ကားဆု**
ဒါရိုက်တာဒေါင်လွင်ကျား၏
မနောမြေမှကျောက်စိမ်းကျွှာ

**အကောင်းဆုံးဒါရိုက်တာဆု**
ညွန့်မြင့်မာသီညီအောင် - အုတ်ကြားမြက်ပေါက်
သို့မဟုတ် ကိုလူမင်း - အနုးဘစ်

**အကောင်းဆုံး ဇာတ်ညွှန်းဆု**
ဆဲဇင်းနေဒး - အုတ်ကြားမြက်ပေါက်

**အကောင်းဆုံးဓာတ်ပုံဆု**
မနောမြေမှကျောက်စိမ်းကမ္ဘာ
သို့မဟုတ် နှင်းဆီပန်းသူရုပ်ရှင်

**အကောင်းဆုံးတေးဂီတဆု**
နှင်းဆီပန်းသူ

**အကောင်းဆုံးတည်းဖြတ်ဆု**
ငဘ

**အကောင်းဆုံးအသံဆု**
အောင်ရဲ့နတ်သမီးမှ လင်းကျော်ကျော်

**အထူးဆု**
အနုးဘစ် . . တို့လို့ ခန့်မှန်းမိပါတယ်။

ဘယ်သူတွေ ဘယ်ကားနဲ့ရ ကြမလဲဆိုတာကိုတော့ မတ် ၁၈ ရက်နေ့မှာ အဖြေညှိကြည့်ကြပါစို့လား■

### အယ်ဒီတာအဖွဲ့

ဇန်ဇန် စီစဉ်သည်

အယ်ဒီတာအဖွဲ့
တင်မောင်ဆွေ ၊ မောင်မျိုး

သတင်းအဖွဲ့
လီလီရှည်၊ နိုယိ၊ မာမာခင်
စိုးလေးဖြိုးလေး၊ အာအာ

ဒီဇိုင်းအဖွဲ့
nar net thee quickprint pyin-oo-lwin

ဝ လ င် ၊ EAGLE

ဆက်သွယ်ရန် လိပ်စာ
အမှတ်(၁၆၂)၊ ၄၁လမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း ၀၉ ၄၄၀၀ ၂၄၀ ၆၂

ထုတ်ဝေသူ
ဦးခင်မောင်သန်း (၀၁၁၅)

ပုံနှိပ်သူ
အောင်သာ (၀၀၆၉၀) ၁၇၂၃လမ်း၊ ဗဟန်းမြို့နယ်
အရေးမကျွာ (၀၀၅၇၇) ၅၄ ၅၅လမ်း၊ ပုဇွန်တောင်မြို့နယ်
တောင်ရေ ၁၀၀၀ ၊ တန်ဖိုး ၁၀၀ကျပ်